49 ၄၉။ အခုကျွန်တော်တို့ သတ္တဝါတစ်ကောင်ကို ဒံယေလ၏သားရဲတစ်ကောင်ကို ရှာဖွေကြပါမည်။ အဲဒါကလူသားတို့အကြားပေါ်ထွက်လာမည့် တန်ခိုးတစ်ခုကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါမှမဟုတ်ဒီယောဟန်၏ရူပါရုံမှာလည်း ရှိပါတယ်။ အဲဒါက တန်ခိုးကို ဖော်ပြခြင်းဖြစ်ပါသည်_ နိုင်ငံတွေထွက်ပေါ်လာပါမည်။ယူနိုက်တက်စတိတ်ဟာ သိုးကလေးတစ်ကောင်လို့ ဗျာဒိတ် ၁၃ မှာ ထွက်ပေါ်လာပါသည်။ပြီးတော့ ဒီနောက်ကွဲပြားခြားနားချက်တစ်ခုကို ခင်ဗျားတို့သိချင်တယ်ဆိုရင်... ခင်ဗျားတို့ကတော့ 'ဟုတ်ပြီ။အဲဒါ က နိုင်ငံ၏ စွမ်းပကားအကြောင်းပြောနေတာပဲ ' လို့ ပြောကြပါမည်။ အဲဒါကလည်း သန့်ရှင်းသောတန်ခိုးကိုပုံဆောင်နေခြင်းဖြစ်ပါ သည်။ အဲ့လိုပါပဲ__သတ္တဝါတစ်ကောင်လိုမျိုးဖြစ်ပါတယ်။ အဲဒါကို ခင်ဗျားတို့ သိကြပါသလား ?

သတိပြုပါ။ရေဗက္ကာက... အာဗြဟံ၏ကျွန် ဧလိုက်တဟာရေဗက္ကာကိုခေါ်ဖို့ရောက်သွားတဲ့အခါ ကုလားအုတ်ကျောပေါ် သို့ သူမကိုသူကတင်ပေးလိုက်ပါတယ်__ သူမရေတိုက်နေကျကုလားအုတ်ရှိပါတယ်။ ပြီးတော့ သူမက ဒီကုလားအုတ်ကိုပဲ စီးပြီး တော့ သူမမမြင်ဘူးတဲ့ သူမရဲ့သတို့သားကိုတွေ့ဆုံဖို့ ထွက်ခွာခဲ့ရတာပါ။ သူမရေတိုက်နေကျကုလားအုတ်ကပဲ သူမကို သူမရဲ့အနာဂတ်အိမ်ထောင်ခင်ပွန်းရှိရာဆီသို့ ခေါ်ဆောင်သွားပေးတာဖြစ်ပါတယ်။

50 ၅၀။ အဲဒါကဒီကနေ့မှာလည်း တူညီတဲ့အကြောင်းအရာဖြစ်တယ်ဆိုတာကို မြင်ပါ။ အသင်းတော်ကအမြဲရေလောင်းနေတဲ့အရာကတော့__အဲဒီမျိုးစေ့ကိုမြင်ပါတယ်။ နှုတ်ကပတ်တော်မျိုးစေ့ပဲဖြစ်ပါတယ်__ အဲဒီလိုဖြစ်တဲ့နှုတ်ကပတ်တော်ဟာ အသက်ဝင် လာပြီး ကျွန္ုပ်တို့မမြင်ဖူးတဲ့ သတို့သားဆီသို့ခေါ်သွားပေးမယ်ဆိုတာကို မြင်ကြပါ။

ပြီးတော့ဘယ်လောက်ပြီးပြည့်စုံသလဲဆိုတာကိုကြည့်ကြပါ... ဣဇက်ဟာ အိမ်ကနေထွက်ပြီး သူ့အိမ်နဲ့ဝေးရာလယ်ကွင်းထဲမှာရှိနေစဉ်အခါ ရေဗက္ကာက သူ့ကိုတွေ့သွားခဲ့တာဖြစ်ပါတယ်။ အသင်းတော်ကလည်းခရစ်တော်နှင့်လေထဲမှာ တွေ့ဆုံစရာအကြောင်းရှိပါတယ်။ ဒီနောက် ကိုယ်တော်ဟာသူမသတို့သမီးကို အိပ်ခန်းတွေပြင်ဆင်ထားတဲ့ ခမည်းတော်၏အိမ်တော်သို့ ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ ဣဇက်ကလည်း ရေဗက္ကာကိုအဲဒီအတိုင်းခေါ်သွားတာဖြစ်ပါတယ်။ ပြီးတော့သတိပြုပါ။ အဲဒါဟာ မြင်မြင်ချင်းချစ်မိသွားတာဖြစ်ပါတယ်။ အို ကျွန်တော် သူမဟာ ချက်ချင်းသူ့ကိုတွေ့ဖို့ပြေးသွားခဲ့ပါမည် ! အဲဒီအတိုင်း အသင်းတော်က ခရစ်တော်ကို လေထဲမှာတွေ့ဆုံရဖို့ဖြစ်ပြီး ကိုယ်တော်နှင့်အစဉ်အမြဲ နေထိုင်ရပါမည်။

51 ၅၁။ အခုကျမ်းစာအုပ်ကို လှန်ပါ။ ဒီလိုသတ္တဝါတွေက တန်ခိုးတွေကဖြစ်ပါတယ်။ သတိပြုပါ။ အခု ကျွန်တော်ခင်ဗျားတို့ကို သတိပေးချင်တာက နတ်ဆိုးဟာ အရှေ့ကိုသတ်ဖို့ သူ့မှာအရောင်ပြောင်းလို့ရတဲ့ သတ္တဝါလေးမျိုးရှိတယ်ဆိုတာကိုပါ။ သူ့မှာ သူ့ရဲ့သတ္တဝါလေးမျိုးရှိတယ်ဆိုတာကိုပါ။ သူ့မှာသူ့ရဲ့သတ္တဝါလေးမျိုးရှိပါတယ်။ အဲဒီကသူတို့သုံးကောင်လုံးပေါင်းပြီး နောက်ထပ်အရောင်တစ်မျိုးနှင့်မြင်းမွဲဆိုတဲ့တစ်ကောင်ကို ဖြစ်စေတာဖြစ်ပါတယ်__ မြင်းဖြူရယ်၊ မြင်းနီရယ်၊ မြင်းမည်းရယ်ပေါင်းပြီးတော့မှုဖြစ်ပါ သည်။

ကျွန်တော်တို့မြင်တွေ့ခဲ့ရတဲ့အဲဒီအရာတစ်ခုစီက သူ့လုပ်ငန်း၏အဆင့်တစ်ဆင့်စီ ဖြစ်ပါသည်။ ကနဦးအသင်းတော်၏ပထမအဆင့်ကို နိစိန်အရပ်၌ ဂိုဏ်းဂဏတစ်ခုအဖြစ် ဖွဲ့စည်းခဲ့တာဖြစ်ပါသည်။မူလပန်တီကော်စတယ်အသင်းတော်ဟာ_သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းမှုပြုတယ်ဆိုတဲ့အရာပေါ်မှာ တည်ထောင်ခဲ့တာဖြစ်ပါတယ်__ ရောက်ချသွားတာကအန္တိခရစ်၏ ဝိညာဉ်တစ်ခုကို ဖြစ်ပေါ်လာစေကာ အဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်းမှုပြုခဲ့ပါတယ်။ အဖွဲ့အစည်း၏သမီးများကိုလည်း မွေးဖွားပေးခဲ့ ပါတယ်။သူ့တန်ခိုးကို သုံးကြိမ်တိတိပြောင်းလဲခဲ့ပါတယ်။ သူတို့ကို တစ်ခုတည်းဖြစ်စေကာမြင်းမွဲတစ်ကောင်အဖြစ် ဖန်တီးခဲ့ပါ သည်။ ဒီနောက် မရဏာဟုသောအမည်နာမတစ်ခုကိုမှည့်ခေါ်ခဲ့ပါတယ်။ ပြီးတော့ သူ့ကို ထာဝရတည်မယ့်နေရာဆီသို့ စီးသွားခဲ့ ပါတယ်။ အခုရှင်းနိုင်သလောက်တော့ ရှင်းတယ်နော်။

52 ၅၂။ အခုသတိပြုပါ။ သူက ဒီမြင်းကို အပ်ခြင်းခံရပါတယ်။ ပြီးတော့ သူက အဲ့မြင်းကိုစီးပါတယ်။ဘုရားသခင်ကလည်း... အချိန်တိုင်းဆိုသလို... အခု စောင့်ကြည့်ပါ! ပထမဆုံး အန္တိခရစ်ထွက်ပေါ်လာတဲ့အချိန်အဲ့ထဲမှာ သူဘာကိုဖော်ပြခဲ့ပါသလဲ ?မြင်းဖြူဖြစ် ပါတယ်။ တတ်နိုင်သလောက်တော့ သူဟာ ဖြူစင်အောင်နေပါတယ်။ ချက်ချင်းအသင်းတော်မှာ အယူဝါဒတစ်ခုကို ရှိစေခဲ့ပါတယ်။ သူတို့ကတော့

မိတ်သဟာရဖွဲ့ချင်ကြပါတယ်။ခင်ဗျားတို့ရဲ့ မိတ်သဟာရဖွဲ့ခြင်းဆိုတာက ခရစ်တော်နဲ့ပဲပြုရမှာပါ။ ဒါပေမယ့် သူတို့က မိတ်သဟာရတစ်ခုကိုပြုချင်ကြပါတယ်။ သူတို့ဟာ အခုအဲ့လိုမရပ်တတ်နိုင်ကြပါဘူး။သူတို့ကယူချင်ကြပါတယ်... ကောင်း ပါပြီ။ ခင်ဗျားတို့သိပါတယ်။ အသင်းတော်မှာဝါဒတူတဲ့လူစုလေးတွေ ပေါ်ထွက်လာပါတယ်။ အဲဒါကို ခင်ဗျားတို့သိပါတယ်။ ခင်ဗျား တို့ကသင်းအုပ်ဆရာတွေဆိုတော့ မြင်ကြပါမည်။ သူတို့က 'အသွင်တူတဲ့ငှက်တွေစုတာ...' လို့ ပြောကြသလိုမျိုးလေ။

ဒါပေမယ့်ကျွန်တော်တို့ဟာ ဒုတိယမွေးခြင်းကိုခံရသော ညီအစ်ကိုများဖြစ်တယ်ဆိုရင် အဲဒါကအဲ့လိုဖြစ်ဖို့ သဘောထား တော့မရှိပါဘူး။ မရှိဘူးနော်။

53 ၅၃။ အခုတကယ်လို့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ညီအစ်ကိုတွေမှာတစ်စုံတစ်ခုသောအမှားအယွင်းကို တွေ့ကြမယ်ဆို ရင် ချက်ချင်း ကျွန်တော်တို့ကိုအခုတောင်းခွင့်ပြုပါ။ ဘုရားသခင်ရှေ့မှာ ထိုသို့သောအမှုကို စောင့်ရှောက်ကြရပါမည်။ဘုရားရှိတဲ့ နေရာထဲကိုသူ့အား ကျွန်တော်တို့ခေါ်သွားပေးနိုင်တဲ့အချိန်ထိထိုသူကိုမေတ္တာထားကြပါ။ အဲဒီအတိုင်းအဲဒါကိုလုပ်စရာအကြောင်း ရှိပါတယ်။

ယေရှုမိန့်တော်မူတာကိုခင်ဗျားတို့သိပါတယ်... အဲ့လို အဲ့မှာပေါင်းပင်တွေရှိပါမည်။ဘာဖြစ်လို့လဲဆိုရင် အဲ့လိုဖြစ်မည်ဟု ယေရှုမိန့်တော်မူခြင်းကြောင့်ဖြစ်ပါသည်။ဒါပေမယ့် အဲဒါတွေကို နှုတ်မပစ်လိုက်ကြပါနှင့်။ အဲဒါနဲ့အတူ ခင်ဗျားတို့ ဂျုံပင်ကိုပါနှုတ်မိ သွားပါမည်။ ကြည့်ပါ။ အခု သူတို့ကို ထားပေးလိုက်ပါ။ အချိန်တန်ရင်ခွဲခြားမှုပြုဖို့ ကိုယ်တော်အား အခွင့်ပေးလိုက်ကြပါ။ မြင်ကြပါ။ အဲဒီအရာအားလုံးကိုအတူတကွပဲ ပေါက်ခွင့်ပေးလိုက်ကြပါ။

54 ၅၄။ သတိပြုပါ။သားရဲထွက်လာသလိုရှိပါတယ်... အန္တိခရစ်ဟာ သတ္တဝါတစ်ကောင်ကိုစီးပြီးထွက်လာတာပါ။ သူ့ရဲ့တန်ခိုးပဲ ဖြစ်ပါတယ်။ အို ကျွန်တော်ဒါကို ချစ်ပါတယ်။ကျွန်တော် အခုအမှန်တကယ် ဘာသာရေးကို စပြီးခံစားလာရပါသည်။ ကြည့်ပါ။ နိုး ဆော်မှုလည်း ဖြစ်နိုင်ပါတယ်။

သတိပြုပါ။အန္တိခရစ်ရဲ့အချိန်မှာ... အခန်းထဲမှာ မီးဘောလုံးတွေလွင့်နေတဲ့ဗျာဒိတ်ရူပါရုံတွေရှိနေပါတယ်! အို ညီအစ်ကို အဲဒီလိုမြင်တာကို ကျွန်တော်ကကလေးဘဝကတည်းက မြင်တွေ့ခဲ့ရတာဖြစ်ပေမယ့် အချိန်တိုင်းလိုလို ကျွန်တော့်အနီးကိုရောက်လာပြီး ကျွန်တော့်ကို သတိပေးတတ်ပါတယ်။ ကျွန်တော့်မသိစိတ်ဆိုတဲ့ အခြေအနေတစ်ခုထဲကိုရောက်သွားသလိုပါပဲ။ ခင်ဗျားတို့ ကတော့ အဲဒါကို ဘယ်လိုရတတ်ကြမည်မဟုတ်ပါ။ခင်ဗျားတို့မရနိုင်ပါဘူး။ အဲဒါက သိပ်မွန်မြတ်သန့်ရှင်းတဲ့အရာဖြစ်ပါသည်။

55 ၅၅။ သတိပြုပါ။အန္တိခရစ်ဟာ သူ့သားရဲ၏လုပ်ငန်းကို စီးပြီးထွက်ခွာလာပါတယ်။ ဘုရားသခင်ကလည်းထိုအရာကို ယှဉ်ပြိုင် တိုက်ထုတ်ရန် သတ္တဝါတစ်ကောင်ကို လွှတ်လိုက်ပါတယ်။ မြင်လား? အခု စောင့်ကြည့်နေပါ။ ဒီနောက်အချိန်တိုင်းလိုလို သားရဲ ဟာ သူ့မြင်းကိုစီးပြီးတော့မှ အန္တိခရစ်ကသူ့မြင်းကိုစီးပြီးတော့မှ သူ့သတ္တဝါပေါ်ကနေ သူ့ရဲ့လုပ်ဆောင်စရာများကိုကြေညာမှာဖြစ် ပါတယ်။ ဘုရားသခင်ကလည်း သူ့သတ္တဝါကို စေလွှတ်တော်မူ၍ သူ၏ကိုယ်ပိုင်မျက်နှာဖုံးကိုစွတ်၍ထိုအရာကို သူ၏ရင်ဆိုင်တိုက် ထုတ်တော်မူမည့်အကြောင်း ကြေညာတော်မူပါမည်။

အခုနှုတ်ကပတ်တော်က 'ရန်သူကလှိမ့်ဆင်း၍ ကျလာတော်မူစဉ်အခါ ဘုရားသခင်၏ဝိညာဉ်တော်သည် တစ်ခုသော တန်းတစ်ခုကိုပေါ်ထွန်းစေကာ သူ့အား ရင်ဆိုင်တိုက်ခိုက်တော်မူမည်။' ဟု ဆိုထားပါသည်။ ဒါကြောင့် ရန်သူဟာ အန္တိခရစ်အဖြစ်ထွက်ပေါ်လာစဉ်အခါ ဘုရားသခင်သည် တစ်ခုသောပုံစံတစ်မျိုးကို ထွက်ပေါ်စေကာသူနှင့်ရင်ဆိုင်ရန် စေလွှတ်တော်မူမည်ဖြစ်ပါ သည်။ ဒီနောက် သူဟာမြင်းနီစီးသူတစ်ယောက်အဖြစ် တစ်ဖန်ထွက်ပေါ်လာတဲ့အချိန်မှာလည်း__ အခြားအရောင်တစ်မျိုး၊အခြား တန်ခိုးတစ်မျိုး၊ အခြားလုပ်ငန်းစဉ်ဖြစ်ပါတယ်__ ဘုရားသခင်က သူ့နောက်ကနေပြီး ထိုသို့သောအရာကိုရင်ဆိုင်တိုက်ခိုက်ရန် အ ခြားသောအရာတစ်မျိုးမျိုးကို စေလွှတ်တော်မူမည်ဖြစ်ပါသည်။ သူ့အသင်းတော်ကိုစောင့်ထိန်းဖို့အတွက်ဖြစ်ပါသည်။ တတိယ တစ်ကောင်ကိုလွှတ်တော့ ဘုရားသခင်ဟာသူ့ရဲ့တတိယသတ္တဝါကိုရောက်လာ၍ ထိုသို့သောအရာကိုကြေညာရန်စေလွှတ်တော် မူပါသည်။ စတုတ္ထမြောက်သတ္တဝါကို သူစေလွှတ်တဲ့အခါ ဘုရားသခင်ကလည်းသူ့ရဲ့စတုတ္ထမြောက်သတ္တဝါကို စေလွှတ်တော်မူပါ မည်။ ဒီနောက် အန္တိခရစ်ကအဆုံးသတ်ခြင်းသို့ ရောက်ပါသည်။ အသင်းတော်ခေတ်ကာလတွေလည်း အဲဒီအချိန်မှာ အဆုံးသတ်သွားပါသည်။ အခု အို ကျွန်တော်... ဒါက တကယ့်ကို ကောင်းမွန်ပါတယ်။

56 ၅၆။ အခုအဲဒီနတ်ဆိုးက သတ္တဝါလေးပါးဆိုတဲ့တန်ခိုးကို အပြောင်းအလဲလုပ်တာကိုကျွန်တော်တို့မြင်တွေ့ကြရပါသည်... ဖွင့် ပြတော်မူခဲ့ပါတယ်။... သူက လောကကြီးကို ဘယ်လိုတန်ခိုးဖြစ်တယ်ဆိုတာကို ဖော်ပြမှုပြုခဲ့ပါတယ်။သူတို့ဟာ ဒီမြင်းမွဲဆိုတဲ့ မရ ဏာမြင်းပေါ်မှာ ဘယ်လိုအဆုံးသတ်ခဲ့ပါသလဲ။ အခုဒီလိုအရာတွေကို ရင်ဆိုင်တိုက်ခိုက်တော်မူသည့် ဘုရားတန်ခိုး၌တည်သော ဒီသတ္တဝါတွေကိုကျွန်တော်တို့ ကြည့်ကြပါစို့။

ဘုရားသခင်၏ပထမသတ္တဝါက အန္တိခရစ်ကိုတွေ့ဆုံရန် ထွက်ခွာမှုပြုခဲ့ပါတယ်။ အန္တိခရစ်ရဲ့ဝိညာဉ်ဟာသူ၏သွန်သင် ချက်ကို ပို့ဆောင်မှုပြုစဉ်အခါ... အခု မှတ်ထားပါ။ အန္တိခရစ်ပထမဆုံးမြင်းစီးတဲ့အချိန်မှာ သူဟာ ဟောပြောသွန်သင်တယ်ဆိုတဲ့ လုပ်ငန်းမှာရှိနေပါမည်။ အန္တိခရစ်၏ ပထမဆုံးမြင်းစီးခြင်းက ဟောပြောသွန်သင်တယ်ဆိုတဲ့ လုပ်ငန်းမှာရှိနေတာပါ။

57 ၅၇။ သူနဲ့တွေ့ဖို့သွားတဲ့သတ္တဝါကို စောင့်ကြည့်နေပါ။ ခြင်္သေ့ဖြစ်ပါတယ်__ ယုဒအမျိုး၏ ခြင်္သေ့ဖြစ်ပါတယ်။ အဲဒါကတော့နှုတ်ကပတ်တော်ဖြစ်ပါတယ်။ သူကမှားယွင်းတဲ့ သွန်သင်မှုကိုပြုစဉ်အခါစစ်မှန်သောနှုတ်ကပတ်တော်က သူနှင့်တွေ့ဆုံဖို့ ထွက် ကြွတော်မူခဲ့ပါသည်။ အဲဒါကတော့ကျွန်တော်တို့မှာ အိုင်ရီနီးယပ်စပ် ပိုလီကတ်နှင့် အဲဒီလိုညီအစ်ကိုတွေရှိရင်မာတင်ဆိုပြီးရှိနေကြ တဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ အဲဒီအန္တိခရစ်ဟာသူ့ရဲ့မှားယွင်းတဲ့ သွန်သင်ချက်ကို စီးပြီးရောက်လာတဲ့အခါ

ဘုရားသခင်ကသူ့ရဲ့သွန်သင်ချက်ထွက်ခွာဖို့ရာ စေလွှတ်တော်မူခဲ့ပါတယ်။ နှုတ်ကပတ်တော်သည်သန့်ရှင်းသောဝိညာဉ်တော်၌ ထင်ရှားစွာပြသတော်မူပါသည်။ အဲ့လို သန့်ရှင်းသောဝိညာဉ်တော်ဟာသူ့ကိုယ်သူနှုတ်ကပတ်တော်ဖြစ်တယ်ဆိုတဲ့အကြောင်း ထင်ရှားစွာပြသ တော်မူပါသည်။

အဲဒါကတော့ကနဦးအသင်းတော်၌ အနာရောဂါငြိမ်းခြင်း အံ့ဖွယ်နိမိတ်လက္ခဏာပြခြင်း၊ ရုပါရုံနှင့်တန်ခိုးကိုခံယူရရှိတဲ့အကြောင်းအရင်းဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကထိုသို့သောအမှားကို ရင်ဆိုင်တွန်းလှန်ဖို့ အသက်ရှင်သောနှုတ်ကပတ် တော်ဟာယုဒအမျိုး၏ခြသေ့်ဆိုသောပုံစံကိုစီးပြီးထွက်လာခြင်းကြောင့် ဖြစ်ပါတယ်။ အာမင်! အခု အဲဒါကို ခင်ဗျားတို့ရကြလား? သူက သူ့တန်ခိုးကိုလွှတ်တယ်။အန္တိခရစ်ကနော် ဘုရားသခင်ကလည်း သူ့ရဲ့နှုတ်ကပတ်တော်ကို စေလွှတ်တော်မူပါသည်။ အန္တိခရစ်ဟာမှားယွင်းတဲ့သွန်သင်ချက်ကို ပြုတယ်။ စစ်မှန်တဲ့သွန်သင်ချက်ထွက်လာပြီးအဲဒါကို တွန်းလှန်မှုပြုတယ်။ အခု အဲဒါက ပထ မတစ်ခုဖြစ်ပါတယ်။ အခု ဒါကတော့ကနဦးအသင်းတော် တမန်တော်တို့နဲ့ဆိုင်တဲ့အရာပါ။ အဲဒါက သူ့ကိုတွေ့ဖို့ထွက်ခွာမှုပြုတာ ပါ။

58 ၅၈။ အခုဒုတိယသားရဲဖြစ်သည့် အန္တိခရစ်စေလွှတ်တဲ့ အနီရောင်သတ္တဝါဖြစ်ပါတယ်။ အဲဒါက... အဲ့အပေါ်မှာ သူစီးပါတယ်။ ကမ္ဘာကြီးပေါ်ကနေ ငြိမ်သက်ခြင်းကိုနုတ်ယူကာ စစ်ဖြစ်စေခြင်းဖြစ်ပါသည်။ အခု ဒုတိယတစ်ခုဖြစ်တဲ့ သူကိုတိုက်ထုတ်ဖို့သွားတဲ့ သတ္တဝါကနွားထီးဖြစ်ပါတယ်။ နွားထီးရဲ့အဓိပ္ပာယ်ကတော့လုပ်အားဖြစ်ပါတယ်။ အလုပ်ထမ်းတဲ့သတ္တဝါပါ။

ပြီးတော့အခု ကျွန်တော်တို့ တစ်မိနစ်လောက် ရပ်ထားလို့ရမယ်ဆိုရင် ကျွန်တော့်ကိုခွင့်ပြုပေးပါ... အခု ဒါကြောင့် ခင်ဗျား တို့ဒါကိုသေသေချာချာကြည့်ရပါမည်။ထိုသို့သော အင်အားကြီးခြင်းမျိုးက ခင်ဗျားတို့အတွက် အနည်းဆုံးတော့ ပဟေဠိဆန်နေပါသည်။ ဒီနေရာက ဆွာတိရအသင်းတော်ကို ကြည့်လိုက်ရအောင်။ ကြည့်ပါ။ တကယ်လို့အဲဒါကအလုပ်လုပ်ရတဲ့အသင်းတော်တစ် ခုမဟုတ်ဘူးဆိုရင် ကြည့်ပါ။ ခင်ဗျားတို့မြင်ရပါမည်။

(၁၈)ဆွာတိရမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ မီးလျှံကဲ့သို့သောမျက်စိနှင့်ဋ္ဌင်း၊ ကြေးဝါစစ်နှင့်တူသောခြေနှင့်ဋ္ဌင်း၊ ပြည့်စုံသောဘုရားသခင်၏အမိန့်တော်ကား [မြင်လား?အခု အလုပ်တွေအားလုံး လာပြီနော်။ ကြည့်ပါ။ ဘာ ဖြစ်လ့ုိလဲဆိုရင် အဲဒီတစ်ခုကသူတို့နဲ့အတူ စီးနင်းမှုပြုတဲ့အရာဖြစ်လို့ပါပဲ။] (၁၉) သင်အကျင့်ကျင့်ခြင်း၊ချစ်ခြင်း၊ အမှုဆောင်ခြင်း၊ [ကြည့်ပါ။ အဲဒါအားလုံးက...]ယုံကြည်ခြင်း၊ သည်းခံခြင်းကိုဋ္ဌင်း နောက်ကျင့်သောအကျင့်တို့သည် [နောက်တစ်ကြိမ်နှစ်ခါနော်_ ကိုယ်တော်ရဲ့အကျင့်တွေပါ။]အရင်ကျင့်သောအကျင့်ထက်သာ၍ များကြောင်းကိုဋ္ဌင်း ငါသိ၏။

59 ၅၉။ ကြည့်ပါ။အဲဒါက သွာတိရအသင်းတော်ခေတ်ကာလကို ပြသနေခြင်းဖြစ်ပါသည်။... အန္တိခရစ်ဟာ ရောက်ချလာပြီး သွာတိရအသင်းတော်ခေတ်ကာလထဲရောက်သွားပြီးနောက်မှာတော့အသင်းတော်လေးဟာဘာမှမလုပ်နိုင်တော့ပေမယ့် အခုလိုရိုးရိုးရှင်းရှင်းပဲကျင့်ကြံနေထိုင်မှုပြုခဲ့ပါတယ်။ နောက်တစ်ခုကတော့ နွားထီးဟာယဇ်ပူဇော်ရသောသတ္တဝါလည်း ဖြစ်တယ်ဆိုတာကို မြင်ပါ။ သူတို့ဟာ အဲဒီလူတွေကိုလွတ်လွတ်လပ်လပ် သူတို့လူတွေကို အပ်ပေးနိုင်သလောက် အသက်ကို ပေးနေကြတဲ့အသင်း တော်တွေဖြစ်ပါတယ်။

အမှောင်ခေတ်ရောက်တော့နှစ်တစ်ထောင်ရောက်တော့ အဲဒီမှာအဲဒီကယ်ဆိုလစ်အယူဝါဒက တစ်ကမ္ဘာလုံးကို ထိန်းချုပ်မှုပြုခဲ့ပါတယ်။ သူတို့ဟာ အခုအထဲကို အမှန်တကယ်ရောက်သွားခဲ့ကြပါတယ်။ ‘ဟုတ်လား’ ‘မဟုတ်ဘူးလား’ပဲရှိပါတယ်။ သူတို့ သေရတော့မယ်လို့စိတ်ထားခဲ့ကြတာမဟုတ်ပါဘူး။ အဲဒါကသေခြင်းဆိုရင်တော့ အဲဒါအမှန်ပါပဲ။ သူတို့ထွက်လာရင် ဘယ်လိုပဲ ဖြစ်ဖြစ် သေကြရပါသည်။ ဘာဖြစ်လို့ပါလဲ? တကယ်ပဲခေတ်ကာလရဲ့ဝိညာဉ်ဖြစ်လို့ပါပဲ။

60 ၆၀။ အဲဒါကတော့အိုင်ရီနီးယပ်စ်ဖြစ်ရတဲ့အကြောင်းအရင်း ပိုလီကတ်ဖြစ်ရတဲ့အကြောင်းအရင်း ဂျွန်ပေါ်အဲဒီကနေထွက်ပေါ် တဲ့ အဲဒီလိုကြီးမြတ်တဲ့လူတွေထိုသို့သောအကြောင်းကို ရင်ဆိုင်တွန်းလှန်တဲ့အကြောင်းအရင်းဖြစ်ပါသည်... ပေါလုကအဲဒါကိုတွေ့ မြင်ခဲ့ပါတယ်။ သူက ‘ငါထွက်သွားပြီးနောက် ဝံပုလွေတွေသင်တို့အထဲဝင်သွားတာ ညီအစ်ကိုတို့၏ သွန်သင်ချက်တွေက ပြောင်းပြန်လှန်သွားတဲ့အကြောင်းတွေဖြစ်သွားတာ ခင်ဗျားတို့ကိုအဝေးသို့ဆွဲခေါ်သွားတော့မှာကို ငါသိတယ်’ လို့ပြောခဲ့ပါတယ်။

အဲဒီအနောက်ဘက်ကိုကြည့်ပါ။အဲ့မှာ တမန်တော်အိုကြီး မတ်တပ်ရပ်နေပါတယ်။ သူ့ကျောမှာ အရိုက်ခံထားတဲ့အရှိုးရာ တွေနဲ့ပါ။ သူ့မျက်လုံးတွေကမျက်ရည်တွေကျနေပါတယ်။ ဒါပေမယ့် သူဟာ အဲဒီမှန်ပြောင်းတွေထက် ပိုဝေးတဲ့နေရာကိုကြည့်ရှုမှုပြုနိုင်ပါသည်__အလင်းနှစ်သန်းတစ်ရာ့နှစ်ဆယ်လောက် အကွာအဝေးတစ်ခုကို သူတို့မြင်နိုင်တာထက်ကိုဟိုးအဝေး ကြီးကိုပိုပြီးရှင်းရှင်းလင်းလင်းမြင်နိုင်တာဖြစ်ပါတယ်။ သူဟာထာဝရတည်သောနေရာအထိကိုပါ မြင်တွေ့နိုင်ခဲ့တာဖြစ်ပါသည်။ အဲ့လို သူကဖြစ်ပါတယ်။ သူကအဲဒါကို ကြိုဟောထားပြီးဖြစ်ပါတယ်။ ဘာဖြစ်မယ်ဆိုတာကို ပြောထားပြီးသားဖြစ်ပါတယ်... အခြားသောခေတ်ကာလဆီသို့ ရောက်ရှိမယ်ဆိုတဲ့အကြောင်းလည်း ပြောခဲ့ပါတယ်။

61 ၆၁။ အခုသတိပြုပါ။အဲ့လိုသူကဖြစ်ခဲ့ပါတယ်။ သူ့နောက်မှာတော့ တောက်လျှောက်... ရှင်ယောဟန်က အသက်အရှည်ဆုံးနေထိုင်ခဲ့ရသူပါ။ ရှင်ယောဟန်ဟာမွန်မြတ်သန့်ရှင်းတဲ့စာစောင်တွေအကုန်လုံးကို သိမ်းယူဖို့ ကြိုးစားမှုပြုခဲ့ပါတယ်။သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ ဘိသိက်သွန်းလောင်းခြင်းကို ခံရပါတယ်။ အဲဒါတွေကိုအတူတကွစုပြီး ကျမ်းစာအုပ်ချုပ်ခဲ့ပါသည်။ ရောမအင် ပါယာက သူ့ကိုဖမ်းပြီးပတ်မုကျွန်းသို့ပို့ဆောင်ခဲ့ပါတယ်။ ဘုရားသခင်၏နှုတ်ကပတ်တော်အဖို့အလို့ငှါအဲဒီပတ်မုတ်ကျွန်းသို့ ထွက် ခွာခဲ့ရပါသည်။ ပိုလီကတ်က အဲဒါကိုဘာသာပြန်ဖို့ သူ့အားအကူအညီပေးခဲ့ပါတယ်။

ကျွန်တော်တစ်နေ့က မာရိကိုယ်တိုင် ပိုလီကတ်ဆီရေးတဲ့စာကို ဖတ်ခဲ့ရပါသည်။ ပြီးတော့အပြစ်တင်တာတော့... သူ့ကိုအပြစ်တင်ထားတာမဟုတ်ပါဘူး။သတ္တိရှိတဲ့လူတစ်ယောက်ကတော့သွန်သင်နိုင်တယ်ဆိုတဲ့အကြောင်း ပြီးတော့ယေရှုခရစ်တော်၏သွန်သင်ချက်ကို လက်ခံနိုင်တဲ့အတွက် သူ့ကို ချီးကျူးထောပနာပြုထားခြင်းဖြစ်ပါတယ်... ဘုရားသခင်ဆီကနေရတဲ့ သူ့ကို မွေး

ပေးခဲ့ရတယ်ဆိုတဲ့အကြောင်းပါ__ မာရိရဲ့ကိုယ်ပိုင်မှတ်ချက်ပြုမှုကိုပိုလီကတ်ဆီသို့ စာရေးပို့ခဲ့တာဖြစ်ပါသည်။

ပိုလီကတ်ဟာခြင်္သေ့စာကျွေးခြင်းကို ခံခဲ့ရတယ်ဆိုတာ ခင်ဗျားတို့သိပါတယ်။ မဟုတ်ပါဘူး။သူကမီးရှို့သတ်ခံခဲ့ရတာပါ။ သူတို့ဟာ လူသတ်ကွင်းမှာခြင်္သေ့တစ်ကောင်လွှတ်ပေးလိုက်ပြီး သိပ်နောက်ကျသွားပြီဖြစ်တဲ့အတွက် သူတို့ဟာရေချိုးခန်းတစ်ခု ထဲ ဆွဲချသွားခဲ့တာပါ။ (အဲ့မှာ ရေချိုးခန်းအဟောင်းကြီးရှိနေပါမည်)လူသတ်ကွင်းထဲက သူ့ကိုခေါ်ပြီး မီးရှို့သတ်ခဲ့တာဖြစ်ပါသည်။

62 ၆၂။ သူလျှောက်လှမ်းလာရသည့်လမ်းပေါ်မှာ သူ့ခေါင်းကို ငိုက်စိုက်ချလျက် လမ်းလျှောက်ရတာဖြစ်ပါတယ်။ ရောမစစ်သား က ‘ခင်ဗျားဟာလူအိုတစ်ယောက်ပဲ။ သိပ်ပြီးတော့လည်း လေးစားစရာကောင်းတယ်။ ဘာကြောင့် အဲဒါကိုဘာကြောင့် လူသိ အောင် မပြောတာလဲ?’ ဟုမေးခဲ့ပါတယ်။

သူဟာကောင်းကင်ကိုပဲ မျှော်ကြည့်ဖို့ စောင့်ထိန်းခဲ့သူဖြစ်ပါတယ်။ တစ်နေရာရာက အသံတစ်ခုကစထားခဲ့တာဖြစ်ပါ သည်။ (ဘယ်နေရာကလည်းဆိုတာတော့သူတို့နားမလည်နိုင်ကြပါဘူး) ‘ပိုလီယတ်မကြောက်နဲ့။ ငါမင်းနဲ့အတူရှိမယ်’ ဆိုပြီးတော့ မှ ပြောလိုက်တာဖြစ်ပါမည်။

ဘာကြောင့်ပါလဲ? သူဟာ ဟိုနူတ်ကပတ်တော်နှင့်ရပ်တည်မှုပြုခဲ့လို့ဖြစ်ပါတယ်။ ကျွန်တော်အံ့သြပါသည်...သူ့ကို မီးရှို့ဖို့ စပြီး ခြင်ပျားတွေကို ပုံတဲ့အခါအဲ့မှာကောင်းကင်ကသီချင်းသံရောက်လာပါသည်။ တစ်နေရာရာက ကောင်းကင်တမန်အချို့ဟာသံစုံဓမ္မတေးကို သီဆိုနေကြတာဖြစ်ပါမည်။ သူလုံးဝမျက်တောင်တစ်ချက်တောင်ခတ်ခဲ့ရမည်မဟုတ်ပါ။ အဲ့လိုသတ္တိရှိတဲ့လူတွေ ဖြစ်ပါတယ်။ အဲဒီလူတွေဟာရပ်တည်နိုင်ခဲ့ကြတဲ့လူတွေ ဖြစ်ပါတယ်။

မာတုရတွေဟာအဲ့လိုခေတ်ကာလများတောက်လျှောက် ကြောက်မက်ဖွယ်ရာညှင်းဆဲခြင်းကို ခံခဲ့ကြရပါသည်။ဒါပေမယ့် သူတို့ ဘာဖြစ်ခဲ့ကြပါသလဲ?သူတို့ဟာ နှိုးဆော်ခြင်းအောက်မှာ ရှိခဲ့ကြတယ်။ဘုရားသခင်၏ဝိညာဉ်တော်တန်ခိုးအောက်မှာ နေခဲ့ ကြပါတယ်။ ပြီးတော့ ဒါကိုမမေ့လိုက်ကြပါနှင့်။ အသင်းတော်က တိပ်ခွေထဲမှာ ခင်ဗျားတို့ညီအစ်ကိုတွေလည်းပါတယ်နော်။ကျွန် တော်က ခင်ဗျားတို့ကိုဒီအကြောင်းစစ်ဆေးစေချင်တာပါ။ သူတို့ထံသို့ စေလွှတ်မှုပြုသောဘုရားသခင်၏တန်ခိုးအပြင် လူတွေကို အဘယ်သို့သောအရာတွေက လုပ်ဆောင်မှုပြုနိုင်ပါသနည်း?

63 ၆၃။ အဲဒါကိုပုံဆောင်ဖို့အတွက် ကျွန်တော်ဒီနေရာမှာ ဒီသေတ္တာကို ထားထားပါမည်။ ဘုရားသခင်ကသူတို့အကြားကို တစ်ခု သောဝိညာဉ်ကိုစေလွှတ်မှုပြုတယ်ဆိုရင် အဲဒါက သူတို့အလုပ်လုပ်နိုင်ဖို့တစ်ခုတည်းသောအကြောင်းအရာဖြစ်ပါတယ်။ သူတို့အ ကြားမှာအလုပ်လုပ်တဲ့ဝိညာဉ်ပဲဖြစ်ပါသည်။

အခုကျွန်တော်တို့ခင်ဗျားတို့ကို အသင်းတော်သမိုင်းဖြင့် တံဆိပ်များကို ဖွင့်လှစ်ခြင်းဖြင့်သက်သေပြပါမည်။ ပြီးတော့ ဖြေ လွှတ်လိုက်တဲ့ တန်ခိုးတွေရှိပါမည်... ပြီးရင် ကြည့်ကြပါ။ အသင်းတော်က အတိအကျပင် ဘိသိက်ပြုဖို့ရာတာဝန်ရှိခဲ့ပါတယ်။ သူ တို့ ဘာမှမလုပ်နိုင်ခဲ့ကြပါဘူး။

64 ၆၄။ အခုပထမတစ်ခုက ဟိန်းဟောက်နေတဲ့ခြ□သေ့ဖြစ်ပါတယ်။ အဲဒါက အရောအနှောမရှိတဲ့သန့်စင်တဲ့နှုတ်ကပတ်တော်ဖြစ် ပါသည်။ ဒုတိယကတော့ သွာတိရမြို့မှာရှိပါတယ်။နွားထီးဖြစ်ပြီး အဲဒါကထမ်းရွက်ရခြင်းတစ်ခုဖြစ်ပါတယ်__ ဝန်ထမ်းရတဲ့သတ္တဝါ ဖြစ်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ__ အဲဒါကယဇ်ပူဇော်ခြင်းနှင့်ဆိုင်တဲ့ သတ္တဝါလည်းဖြစ်ပါတယ်။ အဲဒါက အတိအကျပင်သနားစရာကောင်းတဲ့ရောမမြို့မှာရှိတဲ့ ဘုရားကျောင်းလေးမဟုတ်ဘူးလား။အဲ့လိုအနှစ်တစ်ထောင်ဆိုတဲ့ အမှောင်ခေတ်ထဲ ရောက်သွားတာမဟုတ်ဘူးလား?ရောမအသင်းတော်က ချက်ချင်းဆိုသလို သေခြင်းထဲရောက်အောင် ထည့်လိုက်တယ်လို့ ဘာတစ်ခုမှဖော်ပြထားတာတော့ မရှိပါဘူး။ သူတို့က အကျင့်ကျင့်ကြရပါသည်။ တစ်နေရာပြီးတစ်နေရာသို့ ရောက်ရှိခဲ့ကြရပါသည်။

65 ၆၅။ ခင်ဗျားမစန်ကို ခင်ဗျားအတန်းတက်မတက် ကျွန်တော်ခေါ်ဆိုမှုပြုပါမည်။ ကားတိုင်၏အမှတ်အသားကိုခင်ဗျားမှတ်မိ တယ်နော်? ကျွန်တော်ဘာအကြောင်းပြောသလဲဆိုတာခင်ဗျားသိပါတယ်။ အခုသတိပြုပါ။ အခု ခင်ဗျားသတိထားမိတယ်ဆိုရင် အဲဒီကျမ်းစာအုပ်ကိုထုတ်ထားပြီး မပုတ်မသိုးအောင်သိမ်းထားပါ။ မြင်လား? သူတို့ တစ်ယောက်နှင့်တစ်ယောက်အကြားမှာ အကျင့်ကိုကျင့်ကြရပါတယ်။ အဲ့လိုခင်ဗျားတို့ဖြစ်ကြပါတယ်__ နွားထီးဖြစ်တယ်နော်။

အဲဒါကအချိန်ရောက်တဲ့အခါ (နောက်ဆုံးညက အဲဒါကို ကျွန်တော်ဖတ်ခဲ့ကြပါတယ်) ကြည့်ပါ။ ဆက်ပြီးအကြောင်းကိစ္စ က ရောက်လာစဉ်အခါ ယဇ်ပူဇော်ခြင်းရောက်လာပါတယ်။ သူတို့သွားကြရပါသည်။သူက ‘စပျစ်ရည်နှင့်ဆီကိုသင်တို့အနာတရ မဖြစ်စေကြနဲ့’ ဟုပြောပါသည်။သူတို့ဘာလုပ်ခဲ့ကြတာပါလဲ? သူတို့ဟာတမင်သက်သက်ကိုအဲဒီကိုသွားပြီး အသေခံခဲ့ကြတာဖြစ် ပါသည်။

66 ၆၆။ သူတို့ဂရုမစိုက်ခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ထိုနေ့ရက်ကာလ၌ရှိသော အသင်းတော်၏ဝိညာဉ်ကပူဇော်သက္ကာဆိုတဲ့ အကျင့်ဖြစ်လို့ပါပဲ။ သူတို့ဟာ လျှောက်သွားနိုင်သလောက်ကိုအနှောင်အဖွဲ့ကင်းစွာဖြင့် တက်သွားခဲ့ကြတာဖြစ်ပါတယ်။ ထိုခေတ် ကာလ၌ရှိသည့်စစ်မှန်သောဘုရားသခင်၏ဝိညာဉ်တော်နှင့်အတူ ဘိသိက်ခံခဲ့ခြင်းဖြစ်ပါတယ်။သူရဲကောင်းတွေ၏ ယဇ်ပူဇော်ခံ ခြင်းမျိုးဖြင့် အသေခံခဲ့ကြတာဖြစ်ပါတယ်__ ထောင်ချီတဲ့အကြိမ်အရေအတွက်များရှိခဲ့ပါတယ်။မှတ်တမ်းတွင် သူတို့ဟာ ခြောက် ဆယ့်ရှစ်သန်းဟု မှတ်တမ်းဝင်ခဲ့ပါတယ်__ နွားထီးဖြစ်ပြီးပူဇော်သက္ကာဖြစ်ပါတယ်။

အိုကျွန်တော် အဲဒါကို ခင်ဗျားတို့ နားလည်ပါသလား?အိုကေ၊ ဟုတ်ပါပြီ၊ အခု ပူဇော်သက္ကာပါ။ ထိုသို့သော နှစ်တစ် ထောင်ကာလအတွက်၊ ဆန့်ကျင်ဘက်ဖြစ်သာအရာကိုခုခံဖို့ အဲဒီခေတ်ကာလ၌ အကျင့်ကိုကျင့်နိုင်တဲ့ တစ်ခုတည်းသော အရာ ကရှိပါတယ်။

67 ၆၇။ အခုနတ်ဆိုးဆီကထွက်လာတဲ့ တတိယမြောက် သတ္တဝါက မြင်းမည်းဆိုတာကို မြင်ရပါတယ်။ အခုတတိယတစ်ကောင် ထွက်လာပါပြီ။ သူ့ကို ခုခံဖို့ဘုရားသခင်ဆီကနေလည်း တန်ခိုးထွက်လာပါတယ်။မြင်းမည်း၏တန်ခိုးကို ခုခံဖို့အတွက်ဖြစ်ပါတယ်။ လူတစ်ယောက်ပဲဖြစ်ပါတယ်။လိမ္မာပါးနပ်မှုရှိပါတယ်။ ဘုရားသခင်၏ဉာဏ်ပညာဖြင့် တော်တဲ့သူတစ်ယောက်လည်းဖြစ်ပါတယ်။

ခင်ဗျားတို့သိပါတယ်။လူဟာ အခြားဘယ်သတ္တဝါထက်မဆို တော်တယ်ဆိုတာကို မြင်ကြပါ။ ဘာဖြစ်လို့လဲဆိုရင် သူကသူ့ကိုဉာဏ်ရည်ခြင်း ယှဉ်နိုင်လို့ဖြစ်ပါတယ်။ များသောအားဖြင့်ပါ။သူဟာပါးရည်နားရည်ရှိတယ်။ စဉ်းလဲတတ်ပါတယ်။ ကြည့်ပါ။ အခု အမှောင်ခေတ်ကနေပြီးတော့ခေတ်ကာလတစ်ခု ထွက်လာပါတယ်။ မြင်းမည်းကိုစီးတဲ့အချိန်မှာတော့ အမှောင်ခေတ်ကနေ ပြီးတော့ ဒီဘက်ခြမ်းကိုရောက်လာတာဖြစ်ပါသည်။သူတို့ရဲ့ပူဇော်သက္ကာတွေအတွက် ပြီးတော့်၊ သူတို့လုပ်ဆောင်သည့် အရာ တိုင်းအတွက်သူတို့ဟာ အခကြေးငွေကို ပေးအပ်ရတဲ့အချိန်နာရီဘဲဖြစ်ပါတယ်။ အခု ပိုက်ဆံပါဘဲ.....အို..အဲဒါက ဘယ်လိုဆို တာကို ခင်ဗျားတို့ သိကြပါတယ်။

68 ၆၈။ အခု၊နောက်တစ်ခုကတော့ လူမျက်နှာနှင့် သတ္တဝါတစ်ကောင်ဟာ ခုခံဖို့ထွက်လာတာဖြစ်ပါသည်။တော်တယ်၊ ပညာ တတ်တယ်၊ ကောက်ကျစ်ပြီး ကောင်းမြတ်တယ်။ ထိုနေ့ရက်ကာလ၌ရှိသောဝိညာဉ်နှင့်အတူ ဘိသိတ်သွန်းခြင်းကို ခံရတဲ့အရာ ဖြစ်ပါတယ်။ အဲဒါကို သတိပြုမိပါသလား? အခု ဘုရားသခင်၏ဉာဏ်ပညာနှင့်တော်သောသူကို ခုခံဖို့ သူထွက်ခွာမှုပြုပါသည်။ အဲဒါကတော့ပြုပြင်ပြောင်းလဲရေး ဖြစ်ပါတယ်__ထင်းလီပါ။ အို အားလုံး ဘယ်သူတွေပါသေးလဲ?နော့၍၊ ကယ်ဗင် ဘယ်သူပါလဲ?ကြည့်ပါ။ ထွက်လာကြတယ်လေ။ အဲဒါက လိမ္မာပါးနပ်ပြီး ကျွမ်းကျင်နှံ့စပ်မှုပင်ဖြစ်ပါသည်။

69 ၆၉။ အခုခင်ဗျားတို့ကြည့်ပါ။ အတိအကျအမှောင်ခေတ်ကနေ ထွက်လာကြတာပါ။ ပြုပြင်ပြောင်းလဲခြင်းမှဒီလိုလမ်းကြောင်း တစ်ခုထွက်လာတာကို ကြည့်ပါ။ အဲဒါက လူ၏စဉ်းလဲခြင်းပင်ဖြစ်ပါသည်။(တကယ်လို့ ခင်ဗျားတို့ရဲ့ပြတင်းပေါက်ကို နည်းနည်း လောက်ချထားလိုက်မယ်ဆိုရင်... အဲ့မှာ လူတွေ နည်းနည်းလေးနွေးသွားမည်ဟုကျွန်တော်ယုံကြည်ပါတယ်။ ခင်ဗျားတို့ ပြတင်း ပေါက်ကို နည်းနည်းလေးဆွဲချလိုက်မယ်ဆိုရင် ဘာဖြစ်လို့လဲဆိုရင်... ဒီမှာပူပူလောင်လောင် ကျွန်တော်ရပ်ပြီးတရားဟောနေမယ် ဆိုရင်ကျွန်တော်သိပါတယ်။) အခု သတိပြုပါ။ အဲဒါကတော့ လူ၏စဉ်းလဲမှုဖြစ်ပါတယ်။ အခုခင်ဗျားတို့ နားလည်ပါသလား?

စာတန်ကတတိယမြောက်သတ္တဝါကို စေလွှတ်မှုပြုပါတယ်။ သူကလည်း ကောက်ကျစ်စဉ်းလဲခြင်းသို့ရောက်ပါသည်။ ကြည့်ပါ။ ‘ဂျုံတစ်ခွက်အချိန်အတွက်တစ်ပြားအဖိုးရှိပါတယ်။ ဘာလီသုံးခွက်အချိန်အတွက် တစ်ပြားအဖိုးရှိပါတယ်’ တွေ့တယ် နော်။ အို ကျွန်တော်! ကြည့်ပါ။ ပိုက်ဆံက_ ဖြစ်စေတဲ့အစီအမံ မဟုတ်ဘူးလား? ကောက်ကျစ်စဉ်းလဲမှုက ကမ္ဘာ့ရွှေကိုပိုင်ဆိုင်စေ ပါသည်။ ကြွယ်ဝချမ်းသာမှုက အဲဒီအထဲကို ရောက်ရှိစေပါသည်__ အဲဒီအတိုင်းအတိအကျပြည့်စုံမှုရှိခဲ့ပါတယ်။ အဲဒါကဘာလဲဆို ရင်...ဆုတောင်းပေးဖို့အတွက် ပိုက်ဆံပေးရတယ်ဆိုတာကို စလိုက်တာပဲဖြစ်ပါတယ်။ ပြီးတော့အဲ့အတွက်... အပြစ်ဆေးကြော တယ်ဆိုတဲ့နေရာတစ်ခုကို ဖန်တီးလိုက်ပါတယ်။သူတို့ရဲ့ဘိုးဘွားဘီဘင်တွေကို ဆုတောင်းပြီး ထွက်လာခိုင်းပါတယ်။ ခင်ဗျားတို့ ကခင်ဗျားတို့ရဲ့အစွမ်းသတ္တိနှင့် အမျိုးစုံသောအရာခင်ဗျားတို့ရဲ့ပင်ကိုယ်အရည်အသွေးတွေ ရှိလာအောင် လုပ်ဆောင်မှုပြုခဲ့ကြပါ မည်။အသင်းတော်နှင့်ပြည်နယ်က အတူတူပါပဲ။ အသင်းတော်က ခင်ဗျားတို့ရဲ့အရည်အသွေးတွေကိုသုံးစွဲမှုပြုပါတယ်။

70 ၇၀။ ဒီကနေအချို့ဒီလို ဇေဝဂလိဆရာအချို့မှာလည်း တူညီတဲ့ဘိသိက်ခံရခြင်းမျိုးရှိနေတယ်ဆိုရင်တာခင်ဗျားတို့မမြင်မိကြဘူး လား? လူကြီးတွေက သူတို့ရဲ့ပင်စင်လခတွေကိုပေးလိုက်ကြရပါတယ်။ ကြိုးစားထားကြရတဲ့သူတို့အိမ်လည်းပါသွားပြီး အဲ့လိုကိစ္စ တွေဖြစ်ကုန်ပါတယ်။ ဘာဖြစ်လို့ပါလဲ ညီအစ်ကို... ကျွန်တော် အဲဒီလိုအရာတွေကို မလိုချင်ပါဘူး။ ကြည့်ပါ။ဒါပေမယ့် အခု... ဒါနဲ့ပဲ ကျွန်တော်အမှန်တကယ် နေနေရတာပါ။ကျွန်တော် ဘယ်နေရာကိုသွားသလဲဆိုတာကို ကျွန်တော်ပြန်ကြည့်ရပါ တယ်။ အခု သတိပြုပါ။ လူတွေဟာ အဲဒါကို သူတို့အားပေးလိုက်ကြရပါတယ်။ အဲဒါကို သူတို့ဆီ ပေးလိုက်ကြတာပါ။အဲဒါက ကျွန် တော်မှာ လုပ်စရာကိစ္စတစ်ခုမှရှိမနေပါဘူး။ ဤသို့သောအရာအတွက် အခု ကျွန်တော့်ဆီမှာ တာဝန်ရှိသွားပါပြီ။

71 ၇၁။ အခုသတိပြုပါ။ သတ္တဝါက အဲဒါကို ခုခံဖို့ရောက်လာပါပြီ။ အခု လူတစ်ယောက်ဖြစ်ပါတယ်။ကျွန်တော်တို့အားလုံး ဒါကို လူသတ္တဝါ ဒါဟာလူ၌ရှိသော အသိဉာဏ်၏အစွမ်းသတ္တိလို့သိထားကြပါတယ်။ ထိုသို့သောခြေလှမ်းများကို သူ့ထက်လှမ်းမှုပြုစဉ် အခါ သူ့လက်ထဲကမာတင်လူသာဟာ ဘာသာရေးအရ သန့်ရှင်းစင်ကြယ်စေသောအကြောင်းဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုခဲ့ပါသည်... သူတို့က ‘ဒါက ယေရှုခရစ်တော်ရဲ့ အသွေးပဲ။ ဒါကယေရှုခရစ်တော်ရဲ့ကိုယ်ခန္ဓာပဲ။’ လို့ ပြောခဲ့ကြပါတယ်။

လူသာကအဲဒါကို ပယ်ချလိုက်ပြီး ‘အဲဒါကပေါင်မုန့်နဲ့စပျစ်ရည်ဖြစ်တယ်! အဲဒါက ခရစ်တော်ရဲ့ကိုယ်ခန္ဓာမဟုတ်ဘူး။ဘာဖြစ်လို့လဲဆိုရင် အဲဒါက မြှောက်ထားခြင်းကိုခံရကာ ဘုရားသခင်၏လက်ယာဘက်၌ထိုင်တော်မူခြင်းကြောင့် ဖြစ်တယ်။ ကြား ကနေ ကိုယ်စားလှယ်အဖြစ်စေ့စပ်ဖြန်ဖြေပေးနေရတဲ့အတွက်ကြောင့် ဖြစ်တယ်’ လို့ပြောခဲ့ပါတယ်။ မြင်လား? __ ဉာဏ်ပညာဖြစ် တယ်။ လူသားဖြစ်ပါတယ်။

72 ၇၂။ ပြီးတော့ဂျွန်ဝက်စလီရောက်လာပြီးနောက် ထင်းလီရောက်လာတယ်။ ပြီးတော့ ကယ်ဗင်ပါ... သူဟာ အသင်းတော်ကို သူ တို့မှာထပ်ပြီးနိုးထမှုတွေရှိမလာချင်တော့လာအောင် လျှို့ဝှက်တဲ့နေရာတစ်ခုထဲမှာထည့်ပစ်ခဲ့တာဖြစ်ပါတယ်။ ‘ဘာပဲဖြစ်လာဖြစ်လာဆိုပြီးတော့မှပါ။’ အဲဒါကအကုန်လုံးပါပဲ။ သူတို့ဟာ ဘယ်လိုအသက်တာမျိုးမှာမဆို အသက်ရှင်မှုပြုပါသည်။ လူသာရမ်အသင်းတော်ကလည်း သိပ်ကိုနှစ်ပင်လိမ်နေပါတယ်။ အင်္ဂလိကန်အသင်းတော်ကတော့ အိုကျွန်တော်! တစ်နိုင်ငံလုံး အကျင့်ပျက် လာပြီး အဲဒါက အခုလိုမျိုးဖြစ်နေကြပါတယ်။အသင်းတော်တွေက နှစ်ပင်လိမ်ပြီး... ဟန်နရီ VIII ဘုရင် အင်္ဂလန်မှာရှိနေတုန်းကအသွေးစွန်းတဲ့မာရိဆိုတာရှိပြီးနောက် ဒီလိုအရာအကုန်လုံးဖြစ်ပျက်ခဲ့ပါတယ်... ပြီးတော့အသင်းတော်က သိပ်ပြီးအကြမ်းဖက်လွန် ပြီးအကျင့်ပျက်ခဲ့ကြပါတယ်။ ခရစ်ဖြစ်တယ်လို့ အများကြီးကြွေးကြော်နေကြပြီး မိန်းမလေးယောက်၊

ငါးယောက်လောက်နှင့် နေ ထိုင်မှုပြုကြပါတယ်။ သူတို့လုပ်ချင်သလို လုပ်ခဲ့ကြတာပါ။အပြစ်ထဲကို တဖြည်းဖြည်းသွားနေကြတာဖြစ်ပါတယ်။

ဂျွန်ဝက်စလီကနှုတ်ကပတ်တော်ကို လေ့လာပြီး အဲဒါကို စောင့်ကြည့်နေခဲ့ပါသည်။ ထိုသို့သောအရာက သူ့အားယေရှုခရစ်တော်၏အသွေးတော်က ယုံကြည်သူတို့ကို သန့်ရှင်းစင်ကြယ်စေတဲ့အရာကိုဖော်ပြမှုပြုခဲ့ပါတယ်။ သူတို့မဖြစ်သင့်ကြပါဘူး…ဒီ နောက် သူဘာလုပ်ခဲ့ပါသလဲ? သူဟာအခြားသောပြုပြင်ပြောင်းလဲမှုနှင့်အတူ ထွက်ခွာမှုပြုခဲ့ပါတယ်။သူ၏ခေတ်ကာလ၌ရှိသော လောကသားများကိုလူသားလိုပဲကယ်တင်ခဲ့ပါတယ်။ မြင်လား?အဲဒါကဘာလဲ? အဲဒါကလူပါ။သတ္တဝါ၏တန်ခိုးထွက်လာခြင်းပင် ဖြစ်ပါသည်။

73 ၇၃။ ကိုယ်တော်ကလူအားမှားတဲ့အချက်ကို နားလည်နိုင်တဲ့ ဉာဏ်ပညာကို ပေးသနားတော်မူခဲ့ပါတယ်။ အဲဒါကယေရှုခရစ်တော်၏အသွေးတော်မဟုတ်ဘူး။အဲဒါက ယေရှုခရစ်တော်၏ကိုယ်ခန္ဓာမဟုတ်ဘူးဆိုပြီးတော့မှုပါ။ အဲဒါကခန္ဓာကိုယ်ကိုပုံဆောင်ခြင်းဖြစ်တယ်ဆိုတာကို မြင်ကြပါ။

အဲဒါက… ကယ်ဆိုလစ်နှင့် ပရိုတက်စတန်အကြားမှာရှုပ်ထွေးမှုကြီးအဖြစ်ရှိနေဆဲဖြစ်ပါသည်။ အခုပါ။ အဲဒါကတော့ မှန်သောအရာပေါ်မှာ သူတို့အတူတကွမရပ်တည်နိုင်ကြတဲ့ တစ်ခုသောအကြောင်းအရင်းဖြစ်ပါတယ်။ ဘယ်အရာမျိုးမှာမဆို သူတို့အတူတူရပ်နိုင်ကြပေမယ့် အဲဒီမှာတော့ ရပ်လို့မရကြပါဘူး။ ဒါတွေက… အဲဒီလိုကောင်စီတွေရှိကြပါတယ်…သတိထားပါ။ အခု ဒါ ပေမယ့် အဲဒီကိစ္စပေါ်မှာတော့ သူတို့အတူတကွရပ်တည်မှုမပြုနိုင်ကြပါဘူး။ ကြည့်ပါ။ ဝိုင်ကအသွေးတော်ဖြစ်တယ်။ အဲဒါက မူရင်းဆိုလိုသည့်အတိုင်း အသွေးဖြစ်သည်ဟု ပြောလိုက်တာပဲဖြစ်ပါတယ်။ အဲဒါက ဘုန်းကြီးဆီမှာဒီပေါင်မုန့်ကို ခရစ်တော်၏အစစ်အမှန်ကိုယ်ခန္ဓာအဖြစ်သို့ပြောင်းလဲနိုင်သည့်တန်ခိုးကို ပိုင်ဆိုင်သည်ဟု ပြောလိုက်တာပဲဖြစ်ပါသည်။

အဲဒါကဗိမာန်တော်လေးတစ်ခုဖြစ်တယ်။ အသင်းတော်၌ရှိရမှာကို ခင်ဗျားတို့ သိတယ်နော်။အဲဒါကတော့ သူတို့လုပ်နေ ကြတဲ့ နိမိတ်လက္ခဏာတွေဖြစ်ပြီး သူတို့သွားနေကြတဲ့အတိုင်းရုပ်တုဆင်းတုကိုးကွယ်ခြင်းမျိုးရှိနေကြတဲ့ အကြောင်းအရင်းပဲဖြစ်ပ ပါသည်။ ခင်ဗျားတို့သိပါတယ်။ သူတို့ကိုယ်တိုင်က ဦးညွှတ်ပြီး သူတို့ရဲ့ဦးထုပ်ကြီးတွေကိုမြှောက်ပြီးချွတ်ပြကြပါတယ်။ အဲဒီလိုမျိုး တွေ လုပ်ထားကြပါတယ်။ အဲဒါက ဗိမာန်တော်ထဲမှာ ရှိရမယ့်အရာမဟုတ်ပါဘူး။ အဲဒါကိုဗိမာန်တော်ထဲက ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာဖြစ်လာစေပါတယ်။

74 ၇၄။ စာတန်ကအဲဒီလို ဘယ်ပုံဘယ်နည်းနဲ့ ကောက်ကျစ်စွာ ဆွဲထုတ်သလဲဆိုတာကို သတိပြုပါ။

ဒါပေမယ့်ကြည့်ပါ။ အဲဒီအချိန်မှာ လူသားတစ်ယောက်အပေါ်မှာ ကြည့်ပါ။ ဘုရားသခင်ဟာ မှားတာကိုနားလည်စေဖို့ လူတစ်ယောက်အပေါ်မှာ ပိုင်းခြားနားလည်တတ်သော စိတ်ဝိညာဉ်ကိုတည်စေပါသည်။ အခု ထိုသို့သောအရာက တတိယသတ္တဝါ ကို ခုခံမှုပြုပါသည်။ထိုသို့သောအရာကတော့ အသင်းတော်ကို အလွန်အကျင့်ပျက်စေပါသည်။ (သူစီးထားတဲ့အရာကနော်)အဲဒါ က ကြောက်ဖို့လည်းကောင်းပါတယ်__ပြုပြင်ရေးသမားရှိလာပါသည်။ ပြုပြင်ရေးသမားတို့၏ခေတ်ကာလ၌ သူတို့ဘယ်အရာကိုလုပ်ဆောင်ခဲ့ပါသလဲ? ရုပ်တုဆင်းတုကိုးကွယ်သည့်မိစ္ဆာဒိဋ္ဌိအယူဝါဒကနေ ဘုရားသခင်ထံသို့ အသင်းတော်ကို တဖန်သူတို့ကခေါ်လာပေးခဲ့ပါတယ်။ အဲဒါကတော့ သတ္တဝါလုပ်ဆောင်ခဲ့တဲ့အကြောင်းအရာပဲဖြစ်ပါတယ်။(လူ၏လိမ္မာပါးနပ်မှုဖြစ်ပါတယ်) အဲဒီ လို လုပ်ဖို့ပဲရှိပါတယ်။

75 ၇၅။ အခုဒါပေမယ့် အခု အခန်းငယ် ၃ ကိုဖတ်ပါ… ဗျာဒိတ် ၃ နဲ့ ၂ အခုတစ်မိနစ်လောက်ပါ။တချို့အကြောင်းအရာတွေအ တွက် ကျွန်တော်အဲဒါကို ဒီလိုချမှတ်ထားရပါတယ်။ အခု ဒါကအခုလာပါပြီ။ လူသာရမ်ခေတ်ကာလနှင့် ပြုပြင်ရေးသမားတို့၏ ခေတ်ကာလရှိပါတယ်။ (ဗျာဒိတ် ၃နဲ့ ၂) မှာပါ။ သူတို့ဘာလုပ်ခဲ့ကြသလဲဆိုရင် သူတို့ဟာဖွဲ့စည်းမှုကိုပြုခဲ့ကြပါတယ်။မကြာခင်မှာ ပဲ လူသာက သူ့အသင်းတော်ကို အစပြုလိုက်တာနဲ့ သူတို့ကလည်းအဲဒီလိုဖွဲ့စည်းမှုပြုခဲ့ကြပါတယ်။ ဟုတ်ပါပြီ။ ဝက်စလီလည်း ထိုနည်းလည်းကောင်းပဲလုပ်ဆောင်မှုပြုပါတယ်။ ပန်တီကော်စတယ်လည်း ထိုနည်းလည်းကောင်းပဲလုပ်ဆောင်မှုပြုပါသည်။ အ ခုအတိအကျပဲ_ထိုသို့သောအရာကို ဖွဲ့စည်းမှုပြုခဲ့ပါတယ်။ ပြီးတော့ သူတို့ဘာတွေလုပ်ဆောင်မှုပြုခဲ့ကြပါသလဲ? သူတို့ထွက်လာတဲ့ စနစ်ကိုပဲ မပြောင်းမလဲ သူတို့ကတည်ထောင်မှုပြုကြပါတယ်။ ကြည့်ပါ။

အခုဗျာဒိတ်ကျမ်းကို စောင့်ကြည့်ပါ… ဒိသာဒိအသင်းတော်သို့မိန့်တော်မူထားတာရှိပါတယ်။ အသင်းတော်၏တမန်ကို မှာလိုက်တာရှိပါတယ်။ ပထမအလိုက်မှာအမှန်တကယ်ကြည့်လိုက်ပါ။

(၂)မအိပ်ဘဲစောင့်၍နေလော့။ ကျန်ရစ်၍ သေလုသောအရာတို့ကို ပြုစုလော့။

[အဲဒါကခင်ဗျားတို့သင်ယူပြီးခဲ့သည့် နှုတ်ကပတ်တော်ဖြစ်ပါသည်။] သင်၏အကျင့်သည် [ဒီနောက်ခင်ဗျားတို့ ထွက်လာကြတယ် ဆိုတဲ့ ကယ်ဆိုလစ်အသင်းတော်ကိုပဲ ဒီအဖွဲ့အစည်းတစ်ခုထဲကိုပြန်သွားဖို့ရန် အမှန်တကယ်စပြီး အသင့်ဖြစ်နေကြပါသည်။ ကြည့်နော်။]ငါ၏ဘုရားသခင်ရှေ့၌ မစုံမလင်ရှိသည်ကို ငါတွေ့ပြီ။ '

76 ၇၆။ အဲဒီလိုခင်ဗျားတို့ကသွားနေကြတာပါ။ အဲဒါက အဲဒီလိုပဲ အမှန်တကယ်အနောက်ကိုပဲ ပြန်သွားနေခြင်းဖြစ်ပါသည်။အဖွဲ့ အစည်းနဲ့ဆိုင်တဲ့စနစ်တွေက ဘာကြောင့်မှားနေသလဲဆိုတာကို ခင်ဗျားတို့မမြင်ကြဘူးလား? ဘယ်သူအဲဒါကိုစလုပ်ခဲ့ပါသနည်း? ဘုရားသခင်လုပ်ခဲ့တာလား? တမန်တော်တွေလုပ်ခဲ့တာလား? အဲဒါကိုရိုမန်ကယ်ဆိုလစ်တွေ လုပ်ခဲ့တာဖြစ်ပါသည်။

အခုဘယ်သမိုင်းလေ့လာသူမဆိုက ကွဲပြားတယ်လို့ ပြောကြပါသည်။ အဲဒါက အဲ့လိုမဟုတ်ပါဘူး။သူတို့က… သူတို့က တော့ သူတို့ဟာ မိခင်အသင်းတော်ဖြစ်ပြီးသူတို့က ဒီလိုဖြစ်ကြတယ်လို့ ပြောကြပါမည်။ ဒါပေမယ့် သူတို့ဟာ အဖွဲ့အစည်းတစ်ခု ကိုဖွဲ့စည်းပြီး လူဦးနှောက်နှင့်

စနစ်တစ်ခုကို အဲဒီထဲမှာထည့်လိုက်တာဖြစ်ပါသည်။သူတို့လုပ်ခဲ့ကြသလို ကျွန်တော်တို့ကတော့ တစ်ယောက်ကိုမှ ခေါ်ခဲ့တာမျိုးမရှိပါဘူး။ ကျွန်တော်တို့ကတော့ လူတွေပါဝင်တဲ့ကောင်စီကြီးတစ်ခုလုံးကို ခေါ်လိုက်ပြီး သူတို့ကိုအတူတကွ ပေါင်းထားလိုက်ကြပါတယ်။ ဒီနောက် ခင်ဗျား တကယ့်ကို ရှုပ်ယှက်ခတ်တဲ့ရှုပ်ထွေးမှုတစ်ခုကို ရရှိခဲ့ပါသည်။ အဲဒါက အမှန်ပါ။ ကောင်စီတစ်ခုကဘယ်လိုလုပ်နိုင်ပါမည်နည်း။ ဘယ်လိုပဲဖြစ်ဖြစ်လေ...?

အဲဒါကဒီမိုကရေစီကို ကျွန်တော်တို့က မှန်တယ်လို့ ထင်ကြသလိုမျိုးပါပဲ။ ကျွန်တော်လည်းအဲဒါကို ယုံကြည်ပါတယ်။ ဒါ ပေမယ့် အဲဒါက ဘယ်တော့မှ မှန်မှန်ကန်ကန်အလုပ်လုပ်လို့ရမယ့်အရာမဟုတ်ပါဘူး။ အဲဒါကအလုပ်မဖြစ်နိုင်ပါ။ ဒီနားမှာရှိတဲ့ ရစ်ကီ၏အစုအဝေးတစ်ခုနှင့်အတူ အဲဒါကို ပြေးလို့ရပါတယ်။ လောကကြီးထဲမှာ ခင်ဗျားတို့ကအဲဒါကိုဘယ်လို မှန်မှန်ကန်ကန်လုပ်ဆောင်ကြပါမည်နည်း? ခင်ဗျားတို့မလုပ်နိုင်ပါဘူး။သတိပြုပါ။ တကယ့်အကြောင်းအရာက ဘုရားတရားမဲ့တဲ့ ဘုရင်တစ်ယောက်လို့ရှိခဲ့တာဖြစ်ပါသည်။

77 ၇၇။ သတိပြုပါ။သတ္တဝါက... တတိယသတ္တဝါက အခု လူ၏ပရိယာယ်ဖြစ်ပါတယ်။သူဟာ မိစ္ဆာဒိဋ္ဌိရုပ်တုကိုးကွယ်ခြင်းမှ ထွက် လာတဲ့ ပြုပြင်ရေးသမားကိုကိုယ်စားပြုတာဖြစ်ပါသည်။... ‘ဒါက ပေါင်မုန့်ဖြစ်တယ်။ ဒါကစပျစ်ရည်ဖြစ်တယ်’ လို့ပြောခဲ့ပါတယ်။ ကြည့်ပါ။ အန္တိခရစ်ဟာ ခရစ်ယာနဖြစ်မှုကို အမှတ်အသားတစ်ခုခုပြုရန်တစ်ခုခုကို ထားထားဆဲဖြစ်ပါသည်။ သူ့မှာရှိထားဖို့လိုပါ တယ်။ ဘာဖြစ်လို့လဲဆိုရင် သူကဆန့်ကျင်ရမှာဖြစ်လို့ဆိုတာကို ခင်ဗျားတို့မြင်ကြပါ။ ဒီနောက် တစ်ခုခုကိုဆန့်ကျင်ဖို့ သူ့မှာရထား တာရှိတယ်ဆိုရင်... အခု သူ့အနားနားကိုရောက်လာပြီး ‘ဟုတ်ပြီ။ ကျွန်တော်ကဗုဒ္ဓဘာသာတစ်ယောက်ပဲ’ လို့ပြောလိုက်မယ်ဆိုရင်။ အို့အဲဒါက အလုံးစုံသောကိစ္စရပ်၌ လုပ်ဆောင်စရာကိစ္စတစ်စုံတစ်ရာမှမရှိပါဘူး... အဲဒါက အခုတစ်ပါးအမျိုးသားတစ်ယောက်နှင့်အတူအစပြုဖို့ပဲရှိပါတယ်။ ဒါပေမယ့် အန္တိခရစ်ကတော့လည်ပါတယ်။ အဲ့လိုခရစ်ယာန်ဖြစ်မှုကိုသူဟာ အမျိုးစုံသောအကြောင်း တရားနှင့်ပုံဆောင်မှုပြုပါမည်။ သူက အဲဒါကိုအခြားဘက်ခြမ်းကနေ ထုတ်ယူသွားစရာအကြောင်းသာရှိပါသည်။ တစ်စုံတစ်ခုက ထိုသို့သောကနဦးဩဝါဒစာကို ဆန့်ကျင်မှုပြုပါသည်။ ကြည့်ပါ။ ထိုသို့သော အရာက သူ့ကိုအန္တိခရစ်ဖြစ်စေသောအရာဖြစ်ပါ သည်။ ကြည့်ပါ။

ဒါကြောင့် ပြုပြင်ရေးသမားတွေက သားရဲကလူတစ်ယောက်၏ပုံသဏ္ဍာန်နဲ့ ခုခံဖို့ ထွက်လာတဲ့အခါ...အခု ဒါကို မမေ့ လိုက်ကြပါနှင့်။ အဆင့်အတန်းဆိုတဲ့အရာကိုပါ။ အဲဒါကိုမမေ့လိုက်ကြပါနှင့်။ အဲဒါကို ခင်ဗျားတို့ အသက်ရှင်ရာဘဝတစ်လျှောက် မှတ်ထားကြပါ။ ဒီလိုသတ္တဝါတွေက မှန်ကန်ပါတယ်။ အဲဒါက ‘ထို့ကြောင့်ဘုရားသခင်မိန့်တော်မူတယ်’ ဆိုတာကိုမြင်ပါ။

78 ၇၈။ သတိပြုပါ။ရုပ်တုကိုးကွယ်ခြင်းက ခေါ်ဆောင်သွားပါတယ်... လူဆိုတဲ့သတ္တဝါဟာ ဘုရားသခင်သူ့ကိုပေးသနားတော်မူ တဲ့ ဉာဏ်ပညာဖြင့် ဘုရားတန်ခိုးနှင့်ရောက်ရှိလာပါသည်။ အသင်းတော်ကိုရုပ်တုကိုးကွယ်မှုကနေ ဘုရားသခင်ဆီသို့ခေါ်လာပေး ပါတယ်။ ဒါပေမယ့် အဲမှာ... အဲဒီတူညီတဲ့ခေတ်ကာလမှာပဲ ကျွန်တော်တို့ရှာဖွေကြပါမည်။သူတို့ ဂိုဏ်းဂဏကို စလိုက်တာနဲ့... အစ က သူတို့လုပ်ခဲ့ကြတဲ့တူညီသောအလုပ်ကိုပဲ လုပ်ဆောင်စရာအကြောင်းရှိပါတယ်။ ရောမမြို့မှာလုပ်ခဲ့ကြသလိုမျိုးပါ__ အခု အသင်းတော်ဟာ အဲဒီအသင်းတော်ရဲ့ သမီးဖြစ်ဖို့ သွားလုပ်ရပါတော့သည်။ ပြီးတော့ကိုယ်တော်မိန့်တော်မူတာက ဘယ်လိုကိစ္စဖြစ် ပါသလဲ? ‘အခု သင်၌ပြည့်စုံတယ်လို့ ငါမတွေ့ရဘူး။ ဒါကြောင့်သင့်မှာကျန်တဲ့ အနည်းငယ်သောခွန်အားကို သင်ချန်ထားစရာအ ကြောင်းရှိတယ်။’ လို့ မိန့်တော်မူခဲ့တာပါ။

အခုကိုယ်တော်သူတို့ကိုဗျာဒိတ် ၃း၃ မှာ တဖန်ပြန်ပြီး သတိပေးထားတာကို နားထောင်မှုပြုပါ။ ယူလိုက်ကြပါစို့... ဟုတ်ပါ ပြီ။ ကျွန်တော်တို့ အခုအဲဒါကိုအချိန်နည်းနည်းတော့ယူရမည်ဟု ကျွန်တော်ယုံကြည်ပါတယ်။

မှတ်ထားပါ... ထို့ကြောင့် သင်သည် ခံယူ၍ နားထောင်ပြီးသည့်အရာကို အောက်မေ့၍စောင့်ရှောက်လော့။ နောင်တရ လော့။ [တစ်နည်းအားဖြင့်ဆိုသော် မှတ်ထားပါ။ အဲဒါက အဲဒီလို အကျင့်ပျက်မှုတစ်ခုကနေထွက်လာရမည့်အရာဖြစ်ပါတယ်။ ကြည့်ပါ။ ဒီကိုကြည့်ပါ။] စောင့်၍မနေလျှင် သူခိုးကဲ့သို့[ကျွန်တော်] သင်ရှိရာသို့ ငါလာမည်။ လာမည့်အချိန်နာရီကိုလည်း သင်မ သိရ။

79 ၇၉။ အောက်ရောက်လာရင်ကိုယ်တော်ဟာ မီးခွက်ကိုဆက်လက်၍ ဖယ်ရှားမှုပြုပါတော့မည်။ ဒါကြောင့် အဲဒါက ဘာဖြစ်ပါသနည်း? အသင်းတော်၏အလင်းဖြစ်ပါတယ်။သူဟာ သူထွက်လာတဲ့ ပြောင်းလဲခြင်းမရှိသည့်မိစ္ဆာဒိဋ္ဌိအမှောင်ထုနှင့်စပ်ဆိုင်သော ပြောင်းလဲခြင်းမရှိသည့် အဖွဲ့အစည်း၏စနစ်ထဲကို အမှန်တကယ်ပြန်ရောက်သွားပါတယ်။ဒီနေ့မှာလည်း သူဟာ အဲ့အတိုင်းပဲဖြစ် ဆဲဖြစ်ပါသည်။ ရိုးသားတဲ့_ စိတ်သဘောရှိသူတွေဟာ အဲဒါကို သမ္မာတရားလိုထင်နေကြပါသည်။အခု ကယ်ဆိုလစ်တွေနဲ့ အတူ တူပဲဖြစ်ပါသည်။ ပြီးတော့ ပရိုတက်စတန့်တွေက ကယ်ဆိုလစ်တွေကိုရယ်ပါဦးမည်။ ခြောက်ဆိုတဲ့အရာတစ်ခုကို ရောက်တဲ့အခါ တခြားဒါဇင်တစ်ခု၏တစ်ဝက်ကိုရောက်တဲ့အချိန်_ အတိအကျပါပဲ။နှုတ်ကပတ်တော်အတိုင်းပါပဲ။ လူ၏ဉာဏ်ပညာပဲဖြစ်ပါသည်။

80 ၈၀။ အခုသတိပြုပါ။ အို ဒါကို ကျွန်တော်ဘယ်လောက်ချစ်လိုက်ရပါသနည်း။ အခု ကိုယ်တော်သူတို့ကိုသတိပေးတဲ့အရာကို စောင့်ကြည့်နေပါ။ အခုခင်ဗျားတို့ လုံးဝသဘောတူကြပါသလား။ ခင်ဗျားတို့အယောက်စီတိုင်းက (အခုခင်ဗျားတို့မတူဘူးဆိုရင် ကျွန်တော့်ကို မေးခွန်းတစ်ခုရေးပြီး မေးလိုက်ပါ။)ဒီနေရာမှာ သမ္မာကျမ်းစာက သူတို့ကိုအမျိုးအစားခွဲပြသလိုပဲ။ အဲဒီသတ္တဝါတစ် ကောင်ချင်းစီက ခေတ်ကာလတိုင်းမှာအတိအကျအမျိုးအစားခွဲပြတာပဲမဟုတ်ဘူးလား?အဲဒါက အတိအကျပါပဲ။ သူတို့လုပ် ဆောင်မှုပြုကြတဲ့အရာပဲဖြစ်ပါတယ်။ သူတို့ရဲ့သမိုင်းကသူတို့ဘာလုပ်ခဲ့တယ်ဆိုတာကို ပြသနေပါတယ်။ ကျွန်တော်အမှန်တ ကယ် ဒါကိုကြည့်တော့သူတို့ဘာလုပ်ခဲ့ကြသလဲဆိုတာကို မြင်ရပါတယ်။ ပြီးတော့ ဒီမှာသတ္တဝါတွေက... ဒီမတိုင်ခင်က အဲဒါကို ကျွန်တော်လုံးဝမသိခဲ့ပါဘူး။ကျွန်တော်အဲဒီမှာထိုင်ပြီး နေတုန်းကပါ။ ခင်ဗျားတို့ ကျွန်တော့်ကိုကြည့်နေတဲ့အတိုင်း ကျွန်တော်ဟာ အဲ့လိုလှုပ်ရှားနေတာကို မြင်နိုင်ခဲ့တာဖြစ်ပါသည်။အဲဒါက

မှန်ကန်စရာအကြောင်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက ဒီနေရာ မှာသမ္မာကျမ်းစာနှင့်အတူ မှန်ကန်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါကမှန်တယ်ဆိုပေမယ့်လည်း ဘယ်လိုအရာ မျိုးကို ခင်ဗျားတို့က ဘာဆက်လုပ်သွားကြမှာဖြစ်ပါသလဲ?

81 ၈၁။ သတိပြုပါ။အခု စတုတ္ထသားရဲ့ကို နောက်ဆုံးသတ္တဝါ၌ တည်သည့်အန္တိခရစ်ကို ခုခံဖို့လွှတ်လိုက်ပါတယ်... ခင်ဗျားတို့ အဆင်သင့်ဖြစ်ပြီလား? နောက်ဆုံးသတ္တဝါကို လွှတ်လိုက်ပါပြီ။ဒါမှမဟုတ် နောက်ဆုံးတန်ခိုးကိုပါ။ အန္တိခရစ်ကို ခုခံဖို့ဖြစ်ပါတယ်__ ဘုရားသခင်၏သွန်သင်ချက်ကိုဆန့်ကျင်တဲ့အန္တိခရစ်ကို လွှတ်လိုက်တာဖြစ်ပါတယ်__ လင်းယုန်ငှက်တစ်ကောင်ကို ဖြစ်ပါတယ်။ မြင်လား? စတုတ္ထမြောက်အသက်ရှင်သောသတ္တဝါကလင်းယုန်ငှက်တစ်ကောင်ဖြစ်ပါတယ်။ အခု ခင်ဗျားတို့ ခေတ်ကာလတွေကို လေ့လာပါ။ နှုတ်ကပတ်တော်ကို လေ့လာပါ။ အဲဒါကလင်းယုန်ငှက်ဖြစ်ပါတယ်။ ကျမ်းစာထဲမှာ နောက်ဆုံးခေတ်ကာလက လင်းယုန်ငှက်၏ခေတ်ကာလဖြစ်ပါတယ်။ ဘုရားသခင်ဟာ လင်းယုန်ငှက်ကဲ့သို့ သူ့ရဲ့ပရောဖက်တွေဆီသွားရောက်ခဲ့တာဖြစ်ပါတယ်။ ကြည့်ပါ။ အခု စောင့်ကြည့်ပါ။ နောက်ဆုံးခေတ်ကာလကိုပါ။လင်းယုန်ငှက်၏ခေတ်ကာလကိုပါ__စစ်မှန်သောနှုတ်ကပတ်တော် ၏ ရှင်းလင်းဖွင့်ဆိုပြသူတစ်ဦးဖြစ်ပါတယ်။ မြင်လား?

ဘုရားသခင်ကအမှုပြုဖို့ ရွှေ့လျားတော်မမူမီ နောဧ၏နေ့ရက်ကာလ၌ သူအမှုပြုခဲ့သည့်အတိုင်း သူဟာလင်းယုန်ငှက် တစ်ကောင်ကို စေလွှတ်မှုပြုပါတယ်။ ဣသရေလတို့ကိုကိုယ်တော်ခေါ်ထုတ်မှုပြုစဉ်အခါ ပြီးတော့ ဖာရောဘုရင်၏စစ်တပ်က လည်း ထွက်ခွာဖို့အဆင်သင့်ပါပဲ။ သူဟာ လင်းယုန်ငှက်တစ်ကောင်ကို စေလွှတ်ခဲ့ပါတယ်။အချိန်တိုင်းအချိန်တိုင်းဟာ ကိုယ် တော်ဟာအဲဒီလိုနောက်ဆုံးအချိန်ကျလာတဲ့အခါမှာတော့လင်းယုန်ငှက်တစ်ကောင်ကိုစေလွှတ်မှုပြုခဲ့ပါတယ်။ ဒီနေရာမှာသူဟာ တဖန်လင်းယုန်ငှက်ကို စေလွှတ်မှုပြုပြန်ပါသည်။ အဲဒါက နှုတ်ကပတ်တော်နှင့် ကွက်တိပါပဲ။ဒါကြောင့် အဲဒါကို ခင်ဗျားတို့ဘယ်ပုံ ဘယ်နည်းနဲ့ လုပ်ဆောင်မှုပြုနိုင်ပါမည်နည်း? ကိုယ်တော်က လင်းယုန်ငှက်တစ်ကောင်ကိုစေလွှတ်တော်မူခဲ့ပါသည်။

82 ၈၂။ ဘာဖြစ်လို့ပါလဲ? သမ္မာတရား၏အနက်ဖွင့်ဆိုသူကအလုံးစုံသောခေတ်ကာလတောက်လျှောက်ဆင်းသက်လာရပါသည်။ ဒါကြောင့် လောကကြီးမှာဘယ်လိုနွားက ဘယ်လိုလူက ဒါမှမဟုတ် ဘယ်လိုသတ္တဝါတွေက အစိုးခံခဲ့ကြရပါသနည်း...? လင်းယုန် ငှက်ရောက်မလာခင် အဲဒါကို ဘယ်လိုဖော်ပြရပါမည်နည်း? သူတို့မှာ သူတို့ရဲ့နေရာရှိပါတယ်။သူတို့ဟာ ဘုရားသားဖြင့်_ စေလွှတ်ခံရတဲ့ သတ္တဝါတွေဖြစ်ပါတယ်။ အခု ဘယ်သူမဆို အဲဒီလိုပဲဖြစ်ခဲ့ကြပါမည်။

ခြင်္သေ့ကမူလပထမဖြစ်တယ်။ တိုက်ခိုက်ဖို့ အဲ့မှာ အန္တိခရစ်တက်လာတယ်ဆိုတဲ့နေရာရှိပါတယ်။ဒီနောက် သူဟာ အခြား တန်ခိုးတစ်ခုကို ထမြောက်စေပါသည်။ ကိုယ်တော်ကလည်းထိုသို့သောအရာကို ရင်ဆိုင်ဖို့ရာ တန်ခိုးတစ်ခုကို စေလွှတ်တော်မူခဲ့ ပါတယ်။ဒီနောက်သူကလည်း အခြားတန်ခိုးတစ်ခုကို ထွက်ပေါ်စေပါသည်။ ကိုယ်တော်ကလည်းထိုအရာကိုရင်ဆိုင်ဖို့ အခြားတန် ခိုးတစ်ခုကို စေလွှတ်တော်မူခဲ့ပါတယ်။ ဒီနောက်နောက်ဆုံးတန်ခိုးကတော့ ကိုယ်တော်ဟာ သူ့သားသမီးတွေကို ဘိုးဘေးတို့၏ကနဦးယုံကြည်ခြင်းဆီသို့ တဖန်ပြန်လာ၍ အသက်ရှင်ကြဖို့ရန် လင်းယုန်ငှက်ကိုဆင်းသက်စေတော်မူခဲ့ပါသည်__ လင်းယုန်ငှက်တို့၏ ခေတ်ကာလပဲဖြစ်ပါတယ်။ ဒီနောက် ခင်ဗျားတို့ သတိထားမိပါသလား? အဲ့မှာ မည်သည့်သတ္တဝါမှာထပ်မရှိတော့ပါဘူး။ အဲဒါ က အကုန်လုံးပါပဲ။ အဲဒါက အဆုံးသတ်ပါပဲ။

83 ၈၃။ အခုခင်ဗျားတို့ ဗျာဒိတ် ၁၀း ၁-၇ အထိကိုယူလို့ရမယ်ဆိုရင် (အဲဒါကိုကျွန်တော်ရည်ညွှန်းခဲ့ပြီးပါပြီ) မှတ်ထားပါ။ နောက် ဆုံးသတင်းစကားပို့ဆောင်သူ၏ခေတ်ကာလဖြစ်ပါတယ်။ ကြည့်ပါ။ ဘာဖြစ်စရာအကြောင်းရှိပါသနည်း? အလုံးစုံသောဘုရားသ ခင်၏လျှို့ဝှက်နက်နဲမှုများကို ရှင်းလင်းဖွင့်ဆိုမှုပြုတော်မူပါမည်_ လင်းယုန်ငှက်ဖြစ်ပါတယ်။

အခုအစိုးခံရတဲ့ စတုတ္ထမြောက်သတ္တဝါကို ခင်ဗျားတို့မြင်ကြတယ်နော်? အဲဒါက ပြည့်စုံစွာဖြင့်မှန်ကန်သောအရာဖြစ်ပါ တယ်။ အဲဒါကို ခင်ဗျားတို့ ယုံကြည်ပါသလား? အခုဒီလိုခေတ်ကာလတစ်ခုစီရှိပါတယ်။တန်ခိုးတစ်ခုစီရှိပါတယ်။ အဲဒီနောက်ကွယ် မှာ အဲ့လိုစီးတဲ့အရာတွေရှိပါတယ်။အဲ့ဒီလိုနှုတ်ကပတ်တော်က ရန်သူက ဘာစီးလာသလဲဆိုတာကို ပြသတော်မူပါသည်။ အဲဒါကဒီတံဆိပ်တွေမှာ ဖော်ပြထားသည့်အရာဖြစ်ပါတယ်။ အဲ့လိုပါပဲ။ အခုလည်း အဲဒါက ပစ်မှတ်ကိုအတိအကျတိုက်ထုတ်ခုခံဖို့ ဘုရား သခင်စေလွှတ်မှုပြုသည့် သတ္တဝါတစ်မျိုးစီ၏တန်ခိုးကိုဖော်ပြမှုပြုနေပါတယ်။ လင်းယုန်ငှက်၏အချိန်နာရီသို့ ရောက်သွားပြီဖြစ်ပါ တယ်။

84 ၈၄။ အခုဒါကနောက်ဆုံးအချိန်နာရီဆိုလျှင်အဲ့မှာလင်းယုန်ငှက်တစ်ကောင်ကို ရောက်ရှိလာစေပါမည်။ အဲဒါအမှန်ပါ။ ပြီးတော့ အဲဒါကို...

အခုမှတ်ထားကြပါ။ အခု ခြင်္သေ့ရောက်လာတဲ့ နေ့ရက်ကာလ၌ ကနဦးနှုတ်ကပတ်တော်ရှိပါတယ်။ အယောက်တစ်ရာ လောက်က ခြင်္သေ့အား ကြားနာမှုပြုခဲ့ကြပါသည်။နွားထီး၏နေ့ရက်ကာလမှာလည်း အဲ့လိုအနည်းငယ်သောသူတို့သည် နွားထီး ၏သတင်းစကားကိုကြားနာမှုပြုခဲ့ကြပါသည်။လူတို့အကြား လူတစ်ယောက်ရောက်လာပြီးအလုပ်လုပ်တဲ့အချိန်မှာလည်း ခင်ဗျား တို့လည်း မြင်ကြပါတယ်။ သူဟာ ပရိယာယ်များသူပါ။သူပိုင်ဆိုင်တဲ့ အနည်းငယ်သောလူအုပ်စုလေးတစ်စုမှာ သူတို့ကို ဘာလုပ် စေခဲ့ပါသလဲ? စာတန်က အဲဒါကိုမြင်ပါတယ်။ ဒါကြောင့် သူကချက်ချင်း သူတို့ကိုနောက်ပြန်လှည့်စေပြီး အဲဒီထဲမှာ သူတို့ကိုထိမ်း မြားမှုပြုစေခဲ့ပါတယ်။ ပြီးတော့ မှတ်ထားပါ။နောက်ဆုံး လင်းယုန်ငှက်ရောက်လာတဲ့အချိန် တစ်ရာမှာတစ်ယောက်သာ ကြားနာမှုကိုပြုပါလိမ့်မည်။ အဲ့ဒါကတော့ လင်းယုန်ငှက်၏ခေတ်ကာလပဲဖြစ်ပါသည်။

85 ၈၅။ မှတ်မိပါသလား။ဒီလိုမတူတဲ့ မြင်းစီးသူတွေအားလုံးက... ပြီးတော့ ဒီနောက် ချီဆောင်ခြင်းအတွက်အားလုံးကိုကယ်တင် ဖို့ ဘယ်လူသားတွေဆီကိုမှ သူဟာ အဲ့လိုအလျင်အမြန်ရောက်လာမှာမဟုတ်ဘူးဆိုရင် ယေရှုကိုယ်တိုင်ကြိုပြောထားခဲ့မည်ဖြစ်ပါ သည်။ အဲဒါကနှုတ်ကပတ်တော်မဟုတ်ဘူးလား? ဒီနောက်ကျွန်တော်တို့ ဘယ်နေရာရောက်နေကြတယ်ဆိုတာ ခင်ဗျားတို့မြင်ပါ။ ခင်ဗျားတို့မမြင်ဘူးလား ညီအစ်ကို၊ ညီအစ်မတို့? ကျွန်တော်တို့ ဘယ်နေရာရောက်နေကြသလဲဆိုတာကိုခင်ဗျားတို့မြင်ပါသလား? ဘုရားသခင်ကျွန်တော်အလွန်ဝမ်းမြောက်ခြင်းရှိပါသည်။ ဘာလုပ်ရမယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။

အဲဒါကကျွန်တော့်ကို အခုဒီမှာ မတ်တပ်ရပ်စကားပြောခိုင်းထားတာ မဟုတ်ပါဘူး။ ကျွန်တော်လည်းဒီနေရာမှာရှိနေပါ တယ်။ ကျွန်တော်ဟာ ခင်ဗျားတို့အကြားမှာရှိနေတာပါ။အဲဒါကကျွန်တော့်မှာရှိတာပါ။ ကျွန်တော့်မှာ မိသားစုရှိပါသည်။ ကျွန်တော့်မှာကျွန်တော်ချစ်တဲ့ညီအစ်ကို မောင်နှမတွေရှိပါတယ်။ ပြီးတော့ကောင်းကင်ဗိုလ်ခြေဘုရားသခင်ဟာ ဆင်းကြွလာဖို့ရာ စုံလင် သည့်ပုံစံပေါက်ပါတယ်။သူ၏ကိုယ်ပိုင်ဥစ္စာဖြင့် ထိုအကြောင်းအရာကို ဖော်ပြမှုပြုတော်မူပါမည်... ရူပါရုံအားဖြင့် အနှစ်သုံးဆယ် ကာလအတွက် သက်သေထူခဲ့တဲ့အရာကသမ္မာတရားပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဒီမှာရှိကြပါတယ်။ ကျွန်တော်တို့ ရောက်ရှိနေကြပါတယ်။ သိပ္ပံပညာ၏လေ့လာတွေ့ရှိချက်က ထိုအရာကို သက်သေပြခဲ့ပြီးဖြစ်ပါတယ်။နှုတ်ကပတ်တော်၏သက်သေထူပြတဲ့ အရာက ထိုအရာကို သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ကျွန်တော်တို့ ဒီမှာရှိနေကြပါသည်! ဒီဗျာဒိတ်တော်က ဘုရားသခင်ထံမှ ရောက် လာပြီးအဲဒါက သမ္မာတရားဖြစ်ပါသည်။

86 ၈၆။ ခင်ဗျားတို့အကြောင်းအရာတွေကို မိကြတယ်နော်?ခင်ဗျားတို့က အဲဒီလိုဆိုရင်တော့ ကျွန်တော်အခုအံ့သြရပါမည်။ ဒီ နောက် ကျွန်တော်ဟာ ခင်ဗျားတို့ကိုပြောချင်မှပြောပါတော့မည်။ တနင်္ဂနွေဖြစ်ပါသည်။ သတိထားနော်။ သတိထားပါ... အံ့သြစ ရာပါပဲ! အခု သတိထားပါ။ အခုကိုပါ။ ဘုရားသခင်ဟာကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းခေတ်ကာလဆီသို့ ရောက်ရှိစေခဲ့သည့် အချိန်ကာလအတိုင်းပါပဲ။ ကိုယ်တော်ဟာ လင်းယုန်ငှက်ကို စေလွှတ်မှုပြုခဲ့ကြပါသည်။ကိုယ်တော်ဟာ ဣသရေလတို့ကို ပို့ဆောင်မှုပြုခဲ့ တဲ့အချိန်ကာလရှိခဲ့ပါတယ်။ လင်းယုန်ငှက်ကိုစေလွှတ်တော်မူခဲ့ပါတယ်။ အဲဒီအချိန်ကာလကိုခင်ဗျားတို့ယုံကြည်ပါသလား။ ယော ဟန်သည်ပင်လျှင် ပတ်မုကျွန်း၌ သူမယုံကြည်ခဲ့တဲ့သတင်းစကားပို့ဆောင်သူနှင့်အတူ ပါလာသော ထိုသတင်းစကားက ဒီလိုအ လွန်ပြီးပြည့်စုံတဲ့သတင်းစကားဖြစ်ခဲ့တယ် မဟုတ်ပါသလား?

ခင်ဗျားတို့သိပါတယ်။ ကောင်းကင်တမန်ဆိုတာ သတင်းပို့ဆောင်သူဖြစ်ပါတယ်။ ဒါပေမယ့်သတင်းစကားပို့ဆောင်သူ ဟာ ပရောဖက်တစ်ယောက်ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့သိကြတယ်နော်? အဲဒါကို ခင်ဗျားတို့ယုံကြည်ပါသလား? အဲဒါကို သက် သေပြခွင့်ပြုပါ။ ဗျာဒိတ် ၂၂ မှာပါ__ တကယ်လို့ အဲဒါကလင်းယုန်ငှက်တစ်ကောင်ဖြစ်ရင် ကြည့်ကြပါစို့။ သေချာပါတယ်။ သူက တော့ ကောင်းကင်တမန်တစ်ပါးဖြစ်တယ်__ သူဟာသတင်းစကားပို့ဆောင်သူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ဗျာ ဒိတ်ကျမ်းတစ်ခုလုံးကိုဖော်ပြခံရတဲ့ ပရောဖက်တစ်ယောက်ဖြစ်ပါတယ်။ ဗျာဒိတ်ကျမ်း အခန်းကြီး ၂၂ အခန်းငယ် ၁၉ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် ဒီမှာ ၂၂း၁၉ လို့ ရေးချထားတာဆိုရင် အဲဒါကမှန်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်မှားချင်လည်း မှားပါမည်။ နံပါတ် ၂၂း၉ ပါ။ အဲဒါကအဲဒီလိုပါ။ ကျွန်တော် အဲဒါကိုဖတ်ခဲ့ပြီးပါပြီ။ ၂၂း၉ ပါ။ ဟုတ်ပါပြီ။ အို ဟုတ်ပါတယ်။ဒီမှာပါ။

(၉) သူကလည်းမပြုပါနှင့်။ ငါကား သင်၏လုပ်ဖော်ဆောင်ဖက်ဖြစ်၏။ သင်၏အစ်ကိုပရောဖက်တို့နှင့်

ဒီနေရာမှာ ယောဟန်မြင်တာကို ကြည့်ပါ။

(၈)ငါယောဟန်သည် ဤအရာများကို ကြားမြင်၏။ [အခု အဲဒါကို သူသိမ်းနေပါပြီ။ ဒါကနောက်ဆုံးအခန်းဖြစ်ပါတယ်။] ကြားမြင်ပြီးလျှင် ထိုအရာများကိုပြသောကောင်းကင်တမန်၏ခြေရင်း၌ ကိုးကွယ်အံ့သောငှါ ပြပ်ဝပ်၏။

[ပြီးတော့ဒီနောက် သူဟာ (ကောင်းကင်တမန်) ဆိုတာ မြင်ပါ။] (၉) သူကလည်း မပြုနှင့်။ငါကားသင်၏လုပ်ဖော်ဆောင်ဖက်ဖြစ် ၏။ [မမှန်တဲ့ပရောဖက်ကတော့ဝတ်ပြုကိုးကွယ်ပါလိမ့်မည်။ ဒါမှမဟုတ် ဘယ်လိုသတင်းစကားပို့ဆောင်တဲ့သူကိုမဆိုပြုမှာပါ။]

(၉) သူကလည်းမပြုပါနှင့်။ ငါကား သင်၏လုပ်ဖော်ဆောင်ဖက်ဖြစ်၏။ သင်၏အစ်ကိုပရောဖက်တို့နှင့်ဤစာစောင်၏စကားကို စောင့်ရှောက်သောသူတို့၏လုပ်ဖော်ဆောင်ဖက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့ဟု ပြောဆို၏။

87 ၈၇။ တွေ့လား? အခု စာစောင်ဟာ ဘုရားနှုတ်ကပတ်တော်၏အလွန်အရေးကြီးသောအရာဖြစ်ပါသည်။ အခု စောင့်ကြည့်နေ ပါ! ဘုရားနှုတ်ကပတ်တော်ကိုပို့ဆောင်မှုပြုတော်မူစဉ်အခါ အဲဒီလိုပရောဖက်အားဖြင့် ပို့ဆောင်တော်မူပါတယ်။ဘာဖြစ်လို့လဲဆို ရင် အဲဒီလူဆီ ဘုရားနှုတ်ကပတ်တော်ကကြွလာတော်မူခြင်းကြောင့်ဖြစ်ပါသည်။

ဒီသေတ္တာထဲမှာမေးခွန်းတစ်ခုလောက် လာထည့်ဖို့ ကျွန်တော်မျှော်လင့်ထားပါတယ်။ ကျွန်တော်အခုအဲဒါတွေကို အဲဒီထိ ရောက်အောင်ရိုက်ထည့်လိုက်ဖို့ ကျွန်တော်တွေးမိပါတယ်။ ကြည့်ပါ။အဲဒီမှာအဲ့လိုတစ်ခုရှိမယ်လို့ ကျွန်တော်အခုခံစားရပါတယ်... ကျွန်တော် အဲဒီအထိရောက်ဖို့ ကျွန်တော်အခု တွေးထားတာပါ။ကြည့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်တိုင်းကို ယူဆောင်မှုပြု တာပါ... ကျမ်းစာက ခပ်သိမ်းသောအရာ၌ရှိသည့် အဲဒီစနစ်ကိုတော့ပြောင်းလဲမှုမပြုပါဘူး။ ကြည့်ပါ။ အဲဒါက အတူတူပဲဖြစ်ပါ သည်။ ကျွန်တော်တို့ရောက်မယ်လို့မျှော်လင့်ထားကြတဲ့ အရာကတော့ ဒီစောင့်ရှောက်မှုပြုသူထံသို့ရောက်မယ်ဆိုပြီးတော့မှဖြစ် ပါသည်။ အခု သတိပြုပါ။ ဗျာဒိတ် ၁၈း၁-၇ မှာပါ။ အခုပြန်ပြီး အခန်းငယ် ၁၉ ကို ဖတ်လိုက်ကြပါစို့။

88 ၈၈။ အခုကျွန်တော်တို့ရပါပြီ။ ကျွန်တော်တို့... အခု အဲဒီကျမ်းပိုဒ်ကို ကျွန်တော်တို့မသွားခင်။ကျွန်တော်ခင်ဗျားတို့ကို တစ်ခု တော့ပြောသွားချင်ပါတယ်။ ခင်ဗျားတို့ လုံးဝမြင်ကြတယ်နော်။ ကျွန်တော်တို့ဒီတံဆိပ်တွေကို မစွန့်ခွာခင်...? အခု မှတ်ထားကြပါ။ အဲဒီလင်းယုန်ငှက်နောက်မှာ ဘာတန်ခိုးမှ ထွက်လာတာမရှိပါဘူး_ ဘာမှထပ်မရှိတော့ပါဘူး။ အချိန်တိုင်းလိုလိုအန္တိခရစ်ဟာ တစ် ခုခုကို စေလွှတ်မှုပြုပါတယ်။ ဘုရားကလည်း တန်ခိုးတစ်ခုခုကိုစေလွှတ်တော်မူပါသည်။ အန္တိခရစ်က အခြားတန်ခိုးတစ်ခိုကိုစေ လွှတ်ရင် ဘုရားကလည်းအဲဒါကိုခုခံဖို့ တစ်စုံတစ်ခုသောအရာကို စေလွှတ်တော်မူပါသည်။ ဒီနောက်သူဟာအခြားတန်ခိုးကို စေ လွှတ်မှုပါသည်။ တွေ့လား? ဒီနောက် ကိုယ်တော်က လင်းယုန်ငှက်ကိုစေလွှတ်မှုပြုတော်မူစဉ်အခါ အဲဒါက သူ့နှုတ်ကပတ်တော် ဖြစ်တယ်နော်။ ပထမနေရာမှာရှိတဲ့အဲဒီလိုပဲ ပြန်ဖြစ်တာပါ။

89 ၈၉။ အခုစောင့်ကြည့်ပါ။ကျွန်တော်တို့ပရောဖက်ရောက်လာဖို့ မမျှော်ခဲ့ကြဘူးလား။ ဧလိယကိုဝိညာဉ်တော်နှင့်ဘိသိက်ခံရသူ တစ်ယောက်ယောက်ကိုလေ? အဲဒါက ဧလိယမဟုတ်ပါဘူး။ အမှန်တကယ် ဒါပေမယ့် အဲဒါကလူတစ်ယောက်လိုမျိုးရောက်လာ မည့်အရာဖြစ်ပါတယ်။ သူ့အရင်က အမှုတော်မြတ်ကိုပို့ဆောင်စရာအကြောင်းရှိပါတယ်။ ဒီကျဆုံးနေတဲ့လူတွေဆီကို ပြန်ပြီး အသက်ဝင်လာစေဖို့အတွက် ဖြစ်ပါတယ်။ ဒီလိုဂိုဏ်းဂဏနှင့်ပတ်သက်တဲ့နှစ်ပင်လိမ်နေတဲ့အရာအားဖြင့် ကနဦးဘိုးဘေးတို့၏ ယုံ ကြည်ခြင်းဆီသို့ပြန်ရောက်စေခြင်းဖြစ်ပါသည်။

ယခု အဲဒါကအဲဒီကျမ်းစာနဲ့အတူ စည်းထားတာမဟုတ်ဘူးဆိုရင် ဘာဖြစ်မလဲဆိုတာ ကျွန်တော်မသိပါဘူး။အဲဒီအ ကြောင်း ကျွန်တော်ဘာမှထပ်ပြောနိုင်တော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင်အဲဒါက... အခု ရောက်နေလို့ပါ။ အဲဒါက သမ္မာတရားဖြစ်ပါတယ်။ ခင်ဗျားတို့ အဲဒီကနေ ဘာကိုမဆိုယူလို့ရပါတယ်။ ခင်ဗျားအဲဒါကိုနှစ်ပင်လိမ်လိုက်ပါ။ ကြည့်ပါ။ ဒါကြောင့် အဲဒါ ကအခု အဲဒီအတိုင်းဖြစ်စရာအကြောင်းရှိပါတယ်။

90 ၉၀။ အခုသတိပြုပါ။ အခု အခန်းငယ် ၉ မှာပါ။ 'ပလ္လင်အောက်မှာရှိတဲ့ဝိညာဉ်တွေ' ဖြစ်ပါတယ်။ အခု ဒီနေရာကတော့ ကျွန် တော်တကယ့်ကို သဘောထားကွဲလွဲတဲ့ နေရာအချို့ကိုရောက်နေတာဖြစ်ပါတယ်။ ဒါပေမယ့် အခု ဒီနေရာမှ ခဏလောက်စောင့် ကြည့်ပေးကြပါ။ ကြည့်ပါ။အဲဒါကို ကျွန်တော်လည်းတွေးမိပါတယ်။ ဒါပေမယ့် အဲဒါက အဲဒီအတိုင်းဖြစ်မလာပါဘူး။ကျွန်တော်အမြဲ တမ်းတွေးခဲ့ဖူးတာက အဲဒီလိုပလ္လင်အောက်မှာရှိတဲ့ ဝိညာဉ်တွေဟာကနဦးအသင်းတော်၌ရှိသော မာတုရတွေဖြစ်မယ်ဆိုပြီးတော့ ပါ။ ကျွန်တော်အတွက် သေချာတာကဒေါက်တာ ဧလိယက်စ်စမစ်နှင့် သူတို့တစ်ဦးချင်းစီက အဲဒီလိုပြောခဲ့ကြတယ်ဆိုတာကိုပါ။ကြည့်ပါ။ ဒါပေမယ့်... ကျွန်တော့်ဘာသာကျွန်တော်သိပ်ကိုတွေ့ခဲ့ဖူးပါတယ်။ ဒါပေမယ့်သန့်ရှင်းသောဝိညာဉ်တော်က ထိုအရာကို ရူပါရုံ၌ပြသတော်မူစဉ်အခါမှာတော့ အဲဒါက အဲဒီလိုမဟုတ်ပါဘူး။ အဲဒါကအဲ့လိုဝိညာဉ်တွေမဟုတ်ပါဘူး။

91 ၉၁။ အခုခင်ဗျားတို့က 'ကောင်းပြီ။အဲဒီအကြောင်း ကျွန်တော်မသိဘူး' လို့ ပြောပါမည်။ ဟုတ်ပါပြီ။ အခုတစ်မိနစ်လောက်ပါ။ ကျွန်တော်တို့ရှာဖွေမှုပြုကြပါမည်။ ဒီအရာတွေက သတို့သမီးဖြစ်သော အသင်းတော်၏ဝိညာဉ်တွေ မဟုတ်ပါဘူး။လုံးဝမဟုတ်ပါ ဘူး။ ကျွန်တော်တို့ထင်ကြတာက သတို့သမီးကအဲ့လိုစောင့်နေရတယ်ဆိုပြီးတော့မှပါ။ ပလ္လင်အောက်မှာရှိတဲ့ ဝိညာဉ်တွေကိုပါ။ ခင်ဗျားတို့ကြည့်ပါ။ 'ဘယ်လောက်ကြာပါသလဲဘုရားသခင်? ဘယ်လောက်ကြာသွားပြီလဲ? အဲဒါကိုကျွန်တော်ကိုအခုပြန်ဖတ်ခွင့် ပြုပါ။ ဒါမှကျွန်တော်တို့ မှန်မှန်ကန်ကန်ရမှာဖြစ်ပါတယ်။

(၉) 'ပဥ္စမတံဆိပ်ကိုဖွင့်သောအခါဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်၎င်း၊ မိမိတို့သက်သေခံချက်ကြောင့်၎င်း၊ အသေသတ်ခြင်းကိုခံရသောသူတို့၏ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ငါမြင်၏။'

92 ၉၂။ ကြည့်ပါ။သူတို့ကိုင်ထားတာက ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သက်သေခံချက်တို့ဖြစ်ပါသည်။... အခု အဲဒီကနေ လုံးဝမရွှေ့လိုက်ပါနှင့် ။ အခု၊ ခဏလောက်ပါ။ကြည့်ပါ။

(၁၀) သူတို့ကလည်း သန့်ရှင်းဟုတ်မှန်၍၊အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကိုသွန်းကြသောအပြစ်နှင့် အလျောက်ဒဏ်မပေးဘဲ၊ အဘယ်မျှလောက်ကာလပတ်လုံး နေတော်မူမည်နည်းဟုကြီးသောအသံနှင့် ကြွေးကြော်၏။ (၁၁) ထိုသူတို့၌ ဖြူသောဝိဂဝတ်လုံကိုပေးတော်မူ၏။သူတို့နည်းတူ၊ အသေသတ်ခြင်းကို ခံရလတံ့သော မိမိလုပ်ဖော်ဆောင်ဘက် ညီအကိုတို့သည်ပြည့်စုံူသို့ရောက်မှီ ခဏငြိမ်သက်စွာနေရကြဦးမည်ဟု သူတို့အားမိန့်တော်မူ၏။

93 ၉၃။ အခု၊သူတို့အတွက်ဒီအချိန်မှာ ခင်ဗျားတို့ သတိပြုမိမယ်ဆိုရင် ဒီပဥ္စမမြောက်တံဆိပ်ကိုဖွင့်လှစ်မှုပြုတာကို မြင်ရပါမည်။ အသင်းတော်ကိုတော့ရုတ်သိမ်းသွားပါပြီ။ အဲဒါကအောက်မှာရှိတဲ့ ဝိညာဉ်တော်တွေတော့ မဟုတ်နိုင်ပါဘူး....ကနဦးအသင်း တော်က ဖြစ်ပါမည်။ အခု၊ ကျေးဇူးပြု၍ ခင်ဗျားတို့အမြဲအဲ့လိုထင်ခဲ့ကြတယ်ဆိုရင်၊ အခုဒါကို အလေးထားပေးပါ။ ဘာဖြစ်လို့လဲ ဆိုရင်ဒါဟာကြီးမားတဲ့ အငြင်းပွားစရာတစ်ခု ဖြစ်လို့ပါ။ ဒါကြောင့် ကျွန်တော်ခင်ဗျားတို့ကိုအခုသေသေချာချာ နားထောင်ပေး စေလိုပါသည်။ တစ်ကယ်လို့ ခင်ဗျားတို့မှာစာရွက်ရှိတယ်ဆိုရင် ရေးထားဖို့ အကြောင်းအရာတွေရှိပါတယ်။ အခု ကျွန်တော်ခင်ဗျားတို့ကို သတိထားစေလိုပါသည်။

အခု၊ ဒီဝိညာဉ်တွေဟာသူတို့ရဲ့ဝိညာဉ်မဟုတ်နိုင်ပါ။ ဘာဖြစ်လို့လဆို့ရင် ဖြောင့်မတ်သူတို့၏ဝိညာဉ်သည်မာတုရဖြစ် သွားကြပါသည်။ ပြီး ဖြောင့်မတ်တဲ့သူတွေ အသင်းတော်ကတော့ ချီဆောင်ခြင်းမှာပါသွားပါသည်။ ဒါကြောင့် သူတို့ကလည်း ပလ္လင်အောက်ကိုရောက်စရာအကြောင်းမရှိပါဘူး။သူတို့ဟာ သတို့သမီးနှင့်အတူ ဘုန်းဝင်စားခြင်း၌ တည်ရှိနေကြပါမည်။ အခု စောင့်ကြည့်ကြပါ။သူတို့ဟာ (ဗျာဒိတ်ကျမ်း အခန်းကြီး ၄) ကချီဆောင်ခြင်းမှာ ပါသွားလို့ဖြစ်ပါတယ်။သူတို့ ချီဆောင်ခြင်းကို ခံသွားကြရပါမည်။

အခု ဒီဝိညာဉ်တွေက ဘယ်သူတွေဖြစ်ပါသလဲ? အဲဒီလို နောက်တစ်ခု ရှိပါတယ်။တစ်ကယ်လို့ သူတို့ဟာ ကနဦးအသင်း တော်ကလူတွေလည်းမဟုတ်ဘူးဆိုရင် သူတို့တွေဟာ ဘယ်သူတွေဖြစ်ကြပါသနည်း? ဒါက နိုင်ငံတစ်နိုင်ငံအနေနဲ့ ကယ်တင်ခြင်းခံကြရမည့် ဣသရေလတွေပဲ ဖြစ်ပါတယ်။ သူတို့အားလုံးဟာကြိုတင်ခွဲခန့်မှတ်ထားခြင်းကို ခံကြရတဲ့ လူတွေဖြစ်ပါတယ်။ အဲဒီဝိညာဉ်တွေဟာ၊ ဣသရေလတွေဖြစ်ပါတယ်။အဲဒါက ဣသရေလကိုယ်၌ပါပဲ။

ခင်ဗျားတို့က 'အို ခဏလောက်စောင့်ဦး။' ဟုပြောပါမည်။ ခင်ဗျားတို့က 'သူတို့မဟုတ်နိုင်ဘူး...' လို့ပြောကြပါမည်။

94 ၉၄။ အိုဟုတ်ကဲ့။ သူတို့ကလည်း ကယ်တင်ခြင်းကို ခံရစရာအကြောင်းရှိပါတယ်။ ဒီမှာ အဲဒါကိုချထားကြပါစို့။ ကျွန်တော်မှာ

ကျမ်းချက်လေးငါးခုရှိပါတယ်။ ကျွန်တော်တစ်ခုကိုယူပါမည်။ ရောမဩဝါဒစာကို ယူပါမည်။ ခဏနော်။ သူတို့အဲ့လိုဖြစ်တယ်ဆိုရင်ရှာထုတ်ရပါမည်။ ရောမဩဝါဒစာ အခန်းကြီး ၁၁ ကို သွားကြပါစို့။ကျွန်တော်တို့ရှာဖွေကြပါမည်။ အခု အဲဒါကို ဖတ်ခွင့်ပေးပါ။ ဒီ နောက် အဲဒါကိုကျွန်တော်တို့ဖာသာကျွန်တော်တို့ အချိန်ယူရပါမည်။ ရောမဩဝါဒစာ အခန်းကြီး ၁၁ အခန်းငယ်၂၅ နှင့် ၂၆ ဖြစ် ပါတယ်။ အခုဒီနေရာမှာ ပေါလုပြောတာကို နားထောင်ကြည့်ပါ။ပေါလုပြောခဲ့တာကတကယ်လို့ တစ်ယောက်ယောက်က သတင်းစကားပို့ဆောင်သူပင်လျှင်အခြားသောဧဝံဂလိတရားကို ဟောပြောမှုပြုမယ်ဆိုရင် သူ၌ဘာဖြစ်စရာအကြောင်းရှိပါသနည်း ? ကျိန်ခြင်းခံရစရာအကြောင်းရှိပါတယ်။စောင့်ကြည့်ကြပါ။

(၂၅)ညီအစ်ကိုတို့ သင်တို့သည် ဝါကြွားသောစိတ်မရှိမည့်အကြောင်းတစ်ပါးအမျိုးသားအပေါင်းတို့သည် မဝင်မီတိုင်အောင် ဣသရေလလူအချို့တို့ကိုမှောင်မိုက်ဖုံးလွှမ်းခြင်းအကြောင်းတည်းဟူသော နက်နဲသောအရာကို မသိဘဲနေစေခြင်းငှာငါအလိုမရှိ။

95 ၉၅။ သတို့သမီးဖြစ်ဖို့ရာနောက်ဆုံးတစ်ပါးအမျိုးသား သတို့သမီးသည် ချီဆောင်ခြင်းကို ခံရပါမည်။ထိုသို့သောရည်ရွယ်ချက် အတွက် ဣသရေလတို့ထံသို့ မှောင်မိုက်ဖုံးလွှမ်းခြင်းအကြောင်းရောက်ပါမည်။

(၂၆) ထိုသို့ကျမ်းစာနှင့်အညီ ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ကျမ်းစာချက်ဟူမူကားကယ်လွှတ်သောသခင်သည် ဇိအုန်တောင်ပေါ်၌ ပေါ်ထွန်း၍ မတရားသောအမှုကိုယာကုပ်အမျိုးသားတို့မှ လွှဲတော်မူလတ္တံ့။

ဟုတ်လား ? အခု သူတို့ဣသရေလတွေဟာဒီပလ္လင်အောက်မှာရှိကြတဲ့သူတွေ ဖြစ်ပါတယ်။ စောင့်ကြည့်နေပါ။ ကျွန်တော်တို့ကိုကယ်တင်တော်မူသည်ဆိုတဲ့ ထားရှိပြီးတော့ ရည်ရွယ်ချက်အတွက် ဣသရေလတို့သည်မှောင်မိုက်ဖုံးလွှမ်းခြင်းကို ခံကြရပါ သည်။ အဲဒါကို ခင်ဗျားတို့ ယုံကြည်ပါသလား ? အခု သူတို့ကို ဘယ်သူကမှောင်မိုက်ဖုံးလွှမ်းစေပါသနည်း ?ဘုရားသခင်က ဖြစ်ပါ တယ်။ ဘုရားသခင်က သူ့ရဲ့သားသမီးအရင်းတွေကို မမြင်အောင်ဖုံးကွယ်ထားတာဖြစ်ပါတယ်။

96 ၉၆။ ယေရှုကိုမအံ့သြကြပါဘူး။ အဲဒီလို ကားတိုင်မှာ ချိတ်ဆွဲခံခဲ့ရတာကိုပါ... ပြီးတော့ ဂျူးတွေဟာ သူ့ရဲ့အသွေးအတွက် ငိုကြွေးမြည်တမ်းမှုပြုကြရပါမည်။ (အဲဒီသူတွေကတော့သူ့သားသမီးတွေဖြစ်ကြပါတယ်) ပြီးတော့ကိုယ်တော်က နှုတ်ကပတ်တော်ဖြစ်တော်မူပါသည်။ ဒီနေရာမှာ ကိုယ်တော်ဟာသူ့ကို အဲဒီလူတွေက ဝမ်းမြောက်စွာဖြင့် လက်ခံလာမည်ဆိုတာကို သိကျွမ်းတော်မူ ပါသည်။ အဲဒါက သူတို့ကိုယ်တော်ကို အသိအမှတ်မပြုလို့ သူတို့ကို ကိုယ်တော်က ဖုံးကွယ်ထားတဲ့အကြောင်းအရင်းဖြစ်ပါသည်။ ကိုယ်တော်ဟာ အဲဒီလိုနှိမ့်နှိမ့်ချချပုံစံမျိုးနှင့်ကြွလာတာကို သူတို့လက်မခံကြတဲ့အတွက် ထိုသို့သောအရာ၌သူတို့ကိုဖုံးကွယ်ထား ခြင်းဖြစ်ပါသည်။ ကြည့်ပါ။ နှုတ်ကပတ်တော်ကသူတို့အဲ့လိုဖြစ်မယ်လို့ မိန့်တော်မူပြီးသားပါ။ ကိုယ်တော်က ဖုံးကွယ်တော်မူခဲ့ပါတယ်။... မျက်စိကို ကွယ်ထားခဲ့ပါတယ်။ ယေရှုကသူတို့ကို သနားတော်မူပါတယ်။ ကိုယ်တော်က ဘယ်လောက်တောင် ပြောသ လဲဆိုရင် ‘အဖ သူတို့အား ခွင့်လွှတ်တော်မူပါ။သူတို့ဘာလုပ်လဲဆိုတာ သူတို့မသိလို့ပါ။’ ဆိုပြီး မိန့်တော်မူခဲ့ပါတယ်။ သူတို့ဟာ မှောင်မိုက်ဖုံးလွှမ်းခြင်းရှိခဲ့ကြပါတယ်။ ပေါလုက သူတို့သည်ကိစ္စတစ်ခုအတွက် မှောင်မိုက်ဖုံးလွှမ်းခြင်းကိုခံရတယ်လို့ ပြောခဲ့ပါ တယ်။ကျွန်တော်တို့အတွက်ကြောင့် ဖုံးကွယ်ခဲ့ကြရတာပါ။

